ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
e - paper ဖတ်ရှုရန်

**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 9 September 2026 ၁၂၂၉၆

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၈

၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပမည့် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြိတ်တက္ကသိုလ် တတိယနှစ် (ဂုဏ်ထူးတန်း) ဓာတုဗေဒမှ မောင်ဇော်လှိုင်မျိုးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ၏ အထက်လွှတ်တော်ဥက္ကဋ္ဌ (ယာယီနိုင်ငံတော်အကြီးအကဲ)နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

**ကျောင်းအာဟာရ သို့မဟုတ် နိုင်ငံ၏ အနာဂတ်ကိုတည်ဆောက်ခြင်း**

ဆောင်းပါး စာမျက်နှာ » ၆

**ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သော အနာဂတ်မျိုးဆက်သစ်များဆီသို့**

ဆောင်းပါး စာမျက်နှာ » ၁၀

# IIMM ဆိုသည့် ယန္တရားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ရပ်တည်ချက်

ဂျီနီဗာမြို့တွင် ၇-၉-၂၀၂၆ ရက်မှ ၉-၁၀-၂၀၂၆ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၆၃)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ဆိုသည့်အဖွဲ့၏ အစီရင်ခံစာတို့အပေါ် ပေါင်းစပ်အပြန်အလှန်ဆွေးနွေးမှုကို စက်တင်ဘာလ ၇ ရက်တွင် ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် IIMM ဆိုသည့်ယန္တရားကို စတင်ထူထောင်သည့်အချိန်ကတည်းက ယနေ့အထိ အသိအမှတ်ပြုခြင်းမရှိပါ။ အဆိုပါယန္တရားကိုယ်တိုင်သည်ပင်လျှင် ဥပဒေကြောင်းရှုထောင့် (legal grounds) အရ အားနည်းချက်များစွာရှိပြီး နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသည့် (politically motivated) ရည်ရွယ်ချက်ဖြင့် ထူထောင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✣

## ယနေ့ မိုးလေဝသ (၉-၉-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ဇမ္ဗူသီရိမြို့နယ်အတွင်း အဆင့်မြင့်အိမ်ရာစီမံကိန်း အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၈

ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို ကားလမ်းဘေးတွင် အဆင့်မြင့်အိမ်ရာ စီမံကိန်း အမှတ်(၁)နှင့် အမှတ်(၂)တို့ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ အဆင့်မြင့်အိမ်ရာ စီမံကိန်း အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ရေး လုပ်ငန်းခွင်ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည်

စာမျက်နှာ ၅ ကော်လံ ၅ သို့ ○



ဇမ္ဗူသီရိမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် အဆင့်မြင့်အိမ်ရာစီမံကိန်း အမှတ်(၁)၏ ပုံစံငယ်ကိုတွေ့ရစဉ်။

ကြေးမုံ

# အမျိုးသားယဉ်ကျေးမှုလက္ခဏာများ ထင်ဟပ်ပေါ်လွင်ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသောနိုင်ငံဖြစ်သည်။ မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းစောင့်ရှောက်နိုင်သည့်နိုင်ငံဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များသည် နှစ်လိုဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ အမွေအနှစ်များဖြစ်သည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ဖော်ထုတ်လျက်ရှိသည်။

အဆိုပါယဉ်ကျေးမှုအမွေအနှစ်များတွင် မြန်မာ့အနုသုခုမပညာရပ်များသည် ပြည်သူများ ယနေ့ထက်တိုင် နှစ်သက်စွဲလမ်းလက်ခံလျက်ရှိသည်။ ကမ္ဘာ့ယဉ်ကျေးမှု စီးကြောင်းနှင့်အတူ ခေတ်မီတိုးတက်ပြောင်းလဲလာသည်ဆိုသော်လည်း မြန်မာ့မူဟန်၊ မြန်မာ့ရိုးရာအစဉ်အလာများမှာ အရိုးကိုအရွက်မဖုံးဘဲ ဆက်လက်စီးမျောနေဆဲဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို မြတ်နိုးတန်ဖိုးထားသူများ လူမှုဘဝနယ်ပယ်အသီးသီးတွင် မပျောက်မကွယ်ရှိနေဆဲဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်လာခဲ့သော အနုပညာရှင်များနှင့် မျိုးဆက်သစ်အနုပညာရှင်များ၊ မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးသောပြည်သူများရှိနေသေးသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။ ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုများနှင့် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုများ ကူးလူးဆက်နွယ်ဖလှယ်မှုများ အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်းတို့အပြင် မျိုးဆက်သစ်လူငယ်လူရွယ်များ စိတ်ဝင်စားလာစေပြီး လက်ဆင့်ကမ်းအမွေ လွှဲပြောင်းပေးနိုင်ရန် နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသူအားလုံးအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ဖော်ထုတ်နိုင်ရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပပေးခဲ့သည်။ ပြီးခဲ့သည့်ကာလများက အကြောင်းအမျိုးမျိုးဖြင့် ကျင်းပခြင်းမပြုလုပ်ခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးခဲ့ရာ ယခုနှစ်တွင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲများကို ကျင်းပပြုလုပ်နေပြီဖြစ်သည်။ မကြာမီကာလတွင် နေပြည်တော်၌ ဗဟိုအဆင့်ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပတော့မည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် အနိုင်၊ အရှုံး ဆုပေးခြင်းကိုသာ ဦးတည်ကျင်းပခြင်းမဟုတ်ဘဲ ရွက်ပုန်းသီးအနုပညာရှင်များ ပြန်လည်ပေါ်ထွက်လာစေရန်၊ မျိုးဆက်သစ်အနုပညာရှင်များကို ဖော်ထုတ်ပေးနိုင်စေရန်၊ ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ တိုးပွားလာစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများကို မြှင့်တင်ပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များအတွက် ကျင်းပပြုလုပ်နေသည့် အရေးကြီးသော အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာမှုအနုသုခုမပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရေးနှင့် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ဖော်ထုတ်ပြသနိုင်ရေးအတွက် အစဉ်တစိုက် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို မြန်မာတို့က နှစ်သက်မြတ်နိုးကြသလို နိုင်ငံတကာအနေဖြင့်လည်း အလေးထားစိတ်ဝင်စားကြသည်။ ထို့ကြောင့် ယခုကျင်းပပြုလုပ်မည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အမျိုးသားစည်းလုံးညီညွတ်မှု၊ မြန်မာ့ယဉ်ကျေးမှုဂုဏ်သိက္ခာနှင့် မြန်မာ့အနုသုခုမအစဉ်အလာများကို ပိုမိုထင်ဟပ်ဖော်ဆောင်ပြီး အောင်မြင်သည့် ပြိုင်ပွဲကြီးဖြစ်စေရေးကို အားလုံးက စိတ်ရင်းစေတနာအပြည့်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အစဉ်အလာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဗဟိုအဆင့်သို့ရောက်ရှိ ဆင်နွှဲတော့မည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာပေါ်ထွက်လာရန်အတွက် ပါဝင်ဆောင်ရွက်နေကြသူများသာမက ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် အမျိုးသားယဉ်ကျေးမှုပွဲတော်ကြီးအဖြစ်ခံယူပြီး ပါဝင်အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

**(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊**

**(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊**

**(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊**

**(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။**

## ကန်ကြီးထောင့်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

ကန်ကြီးထောင့် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဥပဒေရုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို ဒါးကကျေးရွာ ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်းသည့် ဆိပ်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်က ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးဥပဒေ၊ ဒါးကကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးမြတ်က လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာဥပဒေနှင့် သဘော့ဂူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်တင့်ဝေက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို သင်တန်းသား ၄၀၀ ခန့်အား ဆွေးနွေးပို့ချပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမော်ဦးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၈-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၅ ~ ၃၆၇၀ | ၅၅၈.၂ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၆,၃၁၆,၁၄၂.၈၀ | ၃၀,၆၇၇,၆၀၄.၉၅ | ၂၈,၂၁၉,၉၆၂.၅၉ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၈ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၇၁ | ၁,၂၇၈,၀၀၀ |
| MTSH | ၈,၇၀၀ | ၈,၉၀၀ | ၃,၈၃၅ | ၃၃,၇၃၃,၈၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၅၂၇ | ၆,၈၅၁,၀၀၀ |
| FPB | ၇,၁၀၀ | ၇,၀၀၀ | ၇၄၉ | ၅,၃၁၅,၄၀၀ |
| TMH | ၃,၅၀၀ | ၃,၅၀၀ | ၄၇ | ၁၆၄,၅၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၃,၉၉၉ | ၇,၃၉၈,၁၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၅၃ | ၂၂၇,၉၀၀ |
| MAEX | ၆,၆၀၀ | ၆,၇၀၀ | ၁,၀၁၁ | ၆,၇၅၆,၅၀၀ |
| MADPL(PLB) | ၆,၆၀၀ | ၆,၆၀၀ | ၂၆၅ | ၁,၇၄၆,၀၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၆၀၀ | ၅,၅၇၂ | ၃၇,၀၂၃,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ယင်းနောက် အခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ်နှင့် ပညာရှင်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဆက်လက်၍ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များက "လူတိုင်းအတွက် ပညာရေး" တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဂုဏ်ပြုတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းကြောင်းအစသည် ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာမှ စတင်ခဲ့သည့် အရေး၊ အဖတ်၊ အတွက်ဆိုသည့် **"အ"** သုံးလုံးကျေလှုပ်ရှားမှုဖြစ်ကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုအဖြစ် လူထုအင်အားဖြင့် ဖော်ဆောင်ခဲ့ပြီး အောင်မြင်သည့် ပညာရေးကဏ္ဍသမိုင်းပြယုဂ်တစ်ခု ဖြစ်ခဲ့ကြောင်း။

ထိုသို့ လူထုလှုပ်ရှားမှုအနေဖြင့် နိုင်ငံနှင့်တစ်ဝန်း အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် ယူနက်စကို၏ **"မိုဟာမက် ရီဇာပါလာဗီဆု"**နှင့် ၁၉၈၃ ခုနှစ်တွင် **"နိုမာဆု"**တို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုကို လေးစားစွာ အသိအမှတ်ပြုခြင်း ခံခဲ့ရခြင်းဖြစ်သဖြင့် မိမိတို့အားလုံး ဂုဏ်ယူရမည့် သမိုင်းမှတ်တိုင်များဖြစ်သကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆက်လုပ်ကြရန် တိုက်တွန်း နှိုးဆော်နေခြင်းဖြစ်သည်ဟု ခံယူသွားကြရမည် ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

စာတတ်မြောက်ခြင်း ဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါ အခြေခံရပိုင်ခွင့်တစ်ခု ဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားလည်းဖြစ်ကြောင်း၊ လူသားတစ်ယောက်အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာများနှင့် ဘဝကို ရှင်သန်ဖြတ်သန်းနိုင်မည် ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများ ဆက်လက်ဆည်းပူးပြီး မှန်ကန်သည့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝ ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်အနေဖြင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး လူတိုင်းစာတတ်မြောက်စေရန်အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရပြီး ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၃ ဒသမ ၉၃ သန်းတွင် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိပြီး စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၇ ဒသမ ၂၆ သန်းတွင် စာမတတ်သူ ၄ ဒသမ ၁ သန်းခန့်ရှိပြီး စာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှု တတ်မြောက်နှုန်း ၈၉ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်၏ ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများတွင် ပြည်သူများ၏ စာတတ်မြောက်မှုနှုန်း နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ ယခင်က တစ်နိုင်ငံလုံး စာမတတ်သူ ပပျောက်ရေးအတွက် **"အ"** သုံးလုံး သင်တန်းများ ဆောင်ရွက်ပြီး အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် ယခုအခါတွင် ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသများရှိ ပြည်သူအားလုံး စာတတ်မြောက်ရေး ဆောင်ရွက်ပေးရန် လိုအပ်လာသည့်အတွက် အလေးထား ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရကြောင်း၊ ကျန်ရှိနေသေးသည့် စာမတတ်သူဦးရေကိုလည်း နှစ်အလိုက် ထိရောက်စွာ လျှော့ချနိုင်ရန် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားကြရမည်ကို အသိပေးမှာကြားလိုကြောင်း။

ယခုနှစ်အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"ကမ္ဘာမြေနှင့် လူသားများ သာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့" "Literacy for people, the planet, and prosperity"** ဖြစ်ကြောင်း၊ ထိုဆောင်ပုဒ်အရ လူသားတစ်ဦးချင်းစီ၏ စာတတ်မြောက်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်သာမက မိမိနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံး၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းဆောင်ပေးနိုင်သည့် အဓိကအရင်းအမြစ် ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းသင်ပညာရေး (Formal Education) သာမက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပပညာရေး (Non–Formal Education) ဆိုသည့် တန်းညှိပညာရေး အစီအစဉ်များကိုပါ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တန်းညှိပညာရေး အစီအစဉ်များဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာရေးကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် (Non–Formal Primary Education–NFPE) နှင့် မူလတန်းအဆင့်ပြီးမြောက်သော်လည်း အလယ်တန်းပညာရေးကို ဆက်လက်မသင်ယူနိုင်ခဲ့သည့် ကလေးများနှင့် လူငယ်များအတွက် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်

**စာမျက်နှာ ၄ သို့** ☆

✦ **၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရ**

✦ **ကျန်ရှိနေသေးသည့် စာမတတ်သူဦးရေကိုလည်း နှစ်အလိုက် ထိရောက်စွာ လျှော့ချနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားကြရမည်**

☆ စာမျက်နှာ ၃ မှ

(Non–Formal Middle Education– NFME) များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ အစီအစဉ်များသည် ကျောင်းပြင်ပရောက် ကလေးများအတွက် အဖိုးတန်သည့် **“ဒုတိယအခွင့်အရေး”** တစ်ခုဖြစ်သဖြင့် ပညာရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

တိုင်းဒေသကြီးနှင့် ပြည်နယ် အစွန်အဖျားများရှိ တိုင်းရင်းသားပြည်သူများ၏ အရေး၊ အဖတ်၊ အတွက်အချက်များ ကို တတ်မြောက်လာစေရန်အတွက်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် အသင်းအဖွဲ့များ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျေးလက်ဒေသ အစွန်အဖျားနေ တိုင်းရင်းသားပြည်သူများ စာတတ်မြောက် လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အလေးအနက်ထားဆောင်ရွက်ကြရန်တိုက်တွန်းမှာကြားလိုကြောင်း၊ တစ်ဆက်တည်းတွင် စာတတ်ပေတတ်၊ အတတ်ပညာရှင် အဖြစ်နဲ့သာ ကျေနပ်ရောင့်ရဲမနေကြဘဲ ဘဝအတွက် ပိုမိုပြည့်စုံရန်၊ ဗဟုသုတကြွယ်ဝရန်၊ အသိပညာပြည့်ဝရန် အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်ကိုလည်း စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးကို အားပေး ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ပညာဆိုသည်မှာ ရှာဖွေလေ့လာ၍ မကုန်နိုင်သည့်အတွက် မိမိတို့အားလုံးသည် စာတတ်သူတိုင်း စာဖတ်ကြရေးနှင့် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းအဖြစ် ရှင်သန်ရပ်တည်နိုင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် စာမတတ်သူဦးရေ ပပျောက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယခု ၂၀၂၆ ခုနှစ်အတွင်းတွင် သိသာထင်ရှားသည့် အောင်မြင်မှုများကို ရရှိခဲ့ကြောင်း၊ အထူးသဖြင့် ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ရှိသည့် သတ်မှတ်မြို့နယ်များတွင် အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုရလဒ်များရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့အောင်မြင်ရခြင်းသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များက ကိုယ်တိုင်ကိုယ်ကျအားတက်သရော ပါဝင်ပံ့ပိုးပေးသကဲ့သို့ ဒေသခံပြည်သူလူထုကိုယ်တိုင်ကလည်းစာတတ်မြောက်ရေးသည်ဘဝတိုးတက်ရေးအတွက် အရေးကြီးသည် ဆိုသည်ကိုသိမြင်ပြီး စိတ်ဝင်စားတက်ကြွစွာပါဝင်လာကြခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် အခြေခံပညာ ဆရာ၊ ဆရာမများက မိမိတို့၏ပုံမှန်တာဝန်များအပြင် ဒေသခံများ စာတတ်မြောက်ရန် အတွက် ကိုယ်ပိုင်အချိန်များထဲမှ စေတနာအပြည့်ဖြင့် ကူညီပံ့ပိုးပေးခဲ့မှုများကြောင့်ဖြစ်သည်ကို ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူစွာဖြင့် ပြောကြားလိုကြောင်း။

စာတတ်မြောက်ခြင်းသည် အသိပညာဗဟုသုတများ တိုးပွားစေရုံတင်မကဘဲ တစ်ဦးချင်းစီ၏ လူနေမှုဘဝကိုပါ မြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **“လူတိုင်းအတွက်ပညာရေး”** ဆိုသည့်အတိုင်း ကျေးလက်ဒေသနှင့် အစွန်အဖျားဒေသများပါ မကျန် ပြည်သူအားလုံး စာတတ်မြောက်ရန် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် ကျောင်းပြင်ပရောက် ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိအောင် ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာရှင်များနှင့် မိဘပြည်သူအားလုံး ကလက်တွဲညီညီဖြင့် ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်မြောက်ခြင်းမှတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းထားသော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အတူတကွချီတက်ကြပါစို့ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်ပညာရေး ဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မောင်စိုင်းသူထွေး၊ ဒုတိယဆုရရှိသည့် မန္တလေးပညာရေး ဒီဂရီကောလိပ် စတုတ္ထနှစ် (သိပ္ပံဘာသာတွဲ)မှ မဂျူးဂျူးခိုင်၊ တတိယဆုရရှိသည့် မြိတ်တက္ကသိုလ် တတိယနှစ်(ဂုဏ်ထူးတန်း) ဓာတုဗေဒမှ မောင်ဇော်လှိုင်မျိုးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညိုစောက ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆု ရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများအလိုက် ကြိုးပမ်းဆောင်ရွက်နေမှုများ မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြသည်။ ယင်းနောက် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ် မောင်မယ်လေးများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။



အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက “လူတိုင်းအတွက် ပညာရေး” တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဂုဏ်ပြုတင်ဆက်ကြစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ လူငယ် မောင်မယ်လေးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ IIMM မှ

IIMM သည် ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာလွတ်လပ်သော အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဆိုသည့်အဖွဲ့မှ အစပြုခဲ့ခြင်းဖြစ်သည်။ FFM ဆိုသည်မှာ မြန်မာနိုင်ငံ၏ သဘောတူညီချက်(country consent) မပါဘဲ OHCHR က တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြင့် ထူထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ ယင်းနောက် FFM ၏ တွေ့ရှိချက်များအပေါ် မူတည်ပြီး သက်သေအထောက်အထားများကို ထိန်းသိမ်းထားနိုင်မည့် ပိုမိုခိုင်မာသောယန္တရား လိုအပ်သည်ဟု အကြောင်းပြုလျက် (၃၉)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ အရ ၂၀၁၈ ခုနှစ်တွင် IIMM ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအထွေထွေညီလာခံ (General Assembly)၏ ဆုံးဖြတ်ချက်အမှတ် A/RES/60/251 ဖြင့် တည်ထောင်ခဲ့သည့် ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်း (subsidiary organ)ဖြစ်သည်။ အဆိုပါလူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်မှာ သတ်မှတ်ကာလအတွင်း ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို စုစည်းဖော်ပြထားသည့် အစီရင်ခံစာနှင့် လူ့အခွင့်အရေးနယ်ပယ်ရှိ အပြည်ပြည်ဆိုင်ရာဥပဒေများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို အထွေထွေညီလာခံသို့ တင်ပြရန်သာဖြစ်သည်။ ၎င်းအား နိုင်ငံတစ်နိုင်ငံအပေါ် ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာ(သို့မဟုတ်) စုံစမ်းစစ်ဆေးရေးယန္တရားတစ်ရပ်ရပ်ကို ဖွဲ့စည်းရန် တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းထားခြင်းမရှိပါ။ ထို့ကြောင့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ ၏ IIMM တည်ထောင်ရန် ဆုံးဖြတ်ချက်သည် UN Charter ကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီထူထောင်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် A/RES/60/251 ကိုလည်းကောင်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

IIMM သည် နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားပြီး တစ်ဖက်သတ်ဆန်သော နိုင်ငံရေးအရ သွတ်သွင်းဆောင်ရွက်သည့် လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အဆိုများ၏ နောက်ဆက်တွဲ ရလဒ်တစ်ရပ်သာဖြစ်သည်။ IIMM အနေဖြင့် နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) ဒေသအုပ်စုတစ်စု၏ နိုင်ငံရေးအရ အသုံးချခံလက်ကိုင်တုတ်တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း IIMM ယန္တရား၏ သက်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းသော ပြဋ္ဌာန်းချက်မပါရှိခြင်းနှင့် လုပ်ငန်းတာဝန်နှင့် လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များ (Term of Reference– TOR) တွင် IIMM အနေဖြင့် ကုလသမဂ္ဂ၏ အရင်းအမြစ်များနှင့် အလှူရှင်နိုင်ငံများထံမှ ရန်ပုံငွေများကို ၎င်း၏ဆုံးဖြတ်ချက်ဖြင့် လက်ခံရယူနိုင်သည်ဟု ဖော်ပြထားခြင်းတို့သည် ဘတ်ဂျက်အလွဲသုံးမှုကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ကင်းမဲ့လျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့အပြင် IIMM ဆိုသည့် ယန္တရား၏ နှစ်စဉ်အစီရင်ခံစာဖြစ်သည့် A/HRC/63/19 သည် ယခင်နှစ်များနည်းတူ မြန်မာ့တပ်မတော်အပေါ် တစ်ဖက်သတ်စွပ်စွဲချက်များ၊ အတည်မပြုနိုင်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှ ရရှိသည့် သတင်းများနှင့် ကိန်းဂဏန်းဖောင်းပွမှုများအပေါ် အခြေခံရေးသားထားကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ ယခုကဲ့သို့ လွဲမှားစွာဖော်ပြချက်များသည် အကြမ်းဖက်မှုကို အားပေးကူညီခြင်း၊ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်ပွားစေခြင်းတို့အပြင် နိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်စေနိုင်သည်။

၎င်းတို့စွပ်စွဲထားသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးများသည် လက်နက်ကိုင်သောင်းကျန်းသူများက မြို့၊ ရွာများကို အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်မှုများကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အသက်အိုးအိမ် ကာကွယ်ရေးတို့အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–RoE) နှင့်အညီ စစ်ရေးပစ်မှတ်များကိုသာ ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေး အထူး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် IIMM ဆိုသည့် အဖွဲ့၏လုပ်ပိုင်ခွင့် အာဏာနှင့် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည့် ၎င်း၏အဋ္ဌမအကြိမ် နှစ်ပတ်လည်အစီရင်ခံစာအပါအဝင် ထုတ်ပြန်မှု/ ဖော်ပြချက်အားလုံးအပေါ် ပြင်းထန်စွာကန့်ကွက်ပယ်ချကြောင်း ထပ်လောင်းအတည်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်**

# ပုသိမ်မြို့နှင့် ဝါးခယ်မမြို့နယ်တို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ပေး



**နေပြည်တော် စက်တင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e–ID စနစ်ဖြင့် UID ကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**ပေးအပ်**

ထို့မှတစ်ဆင့် ဝါးခယ်မမြို့နယ် ဦးစီးမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေ အတိုး/အလျှော့လုပ်ငန်းစဉ်များ၊ အသက်(၁၈)နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူဆောင်ရွက်နေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား UID ကောက်ယူဆောင်ရွက်နေမှု၊ မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုအားပေး စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် ကြောင်း သိရသည်။

**သတင်းစဉ်**

# တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ်




**တီးတိန် စက်တင်ဘာ ၈**

ချင်းပြည်နယ်သည် တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ပြည်နယ်အတွင်း စီးပွားရေးလုပ်ကိုင် ဆောင်ရွက်လိုသူများ အနေဖြင့် နိုင်ငံတော်က ထုတ်ချေးသော ချေးငွေများ ရယူဆောင်ရွက်လိုပါက သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ချေးယူ ဆောင်ရွက်နိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယမန်နေ့နံနက်ပိုင်းတွင် တွန်းဇံမြို့ ရှိမန်ကက်သလစ်ဘုရားကျောင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ချင်းပြည်နယ်အတွင်း အကြမ်းဖက် ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့တွင် နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင် ပေးလျက်ရှိပြီး တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် နေအိမ်များနှင့် လုံးဝပျက်စီးသွားသည့် နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ ပေးလျက်ရှိကြောင်း၊ ယနေ့တွင်လည်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးသွားသည့်နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးနှင့် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့်ဘိလပ်မြေအိတ်များကို ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ ဌာနအလိုက် ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးပြီး ဒေသခံပြည်သူများက တင်ပြသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တွန်းဇံမြို့ရှိ ရုံးဌာနအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေး ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ဇမ္ဗူသီရိမြို့နယ်မှ

ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ၊ အခမ်းအနားတွင် ကပြဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေတိုက်စားမှုကြောင့် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းကူးတို့ဆိပ်ကျေးရွာအုပ်စု ဇီးရိုင်းကျေးရွာနှင့် ဝဲကြီးကျေးရွာအကြားတွင် တည်ရှိသည့် အလျား ပေ ၄၀၊ အနံ ပေ ၃၀ RCC တံတား၏ တံတားချဉ်းကပ်လမ်း ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် သစ်တွန်ကျေးရွာအုပ်စု ဖလောင်းကျေးရွာ ကွန်ကရစ်လမ်းပေါ်ရှိ ဘေလီတံတားပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စု စည်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်း ပေါင်းလောင်းမြစ်ရေဝင်ရောက်နေမှုကိုလည်းကောင်း၊ စည်ပင်ကြီးကျေးရွာနှင့် ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာသို့ ဆက်သွယ်ထားသော ပေါင်းလောင်းမြစ်ကူးတံတားကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ကျောင်းအာဟာရ သို့မဟုတ် နိုင်ငံ၏ အနာဂတ်ကိုတည်ဆောက်ခြင်း

ဒေါက်တာဇင်ဇေယျာဝင်း

> ကလေးများ၏အာဟာရသည် နေ့စဉ်စားသုံးရသည့် အစားအစာတစ်နပ်ထက် ပိုမိုအရေးကြီးသော အနာဂတ်ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။ ကလေးဘဝ အာဟာရသည် ဘဝတစ်လျှောက် ကျန်းမာရေးနှင့် စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိသဖြင့် ကျောင်းအာဟာရအစီအစဉ်များတွင် အာဟာရပြည့်ဝသော အစားအစာပေးအပ်ခြင်းနှင့်အတူ အာဟာရပညာပေးခြင်း၊ ကျန်းမာသောစားသောက်မှုအလေ့အထများ မြှင့်တင်ပေးခြင်းကို အလေးထားဆောင်ရွက်သင့်

## ကလေးများ၏ အာဟာရသည် နိုင်ငံ၏အနာဂတ်

ကလေးများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်ပြီး ယနေ့ကျန်းမာစွာကြီးပြင်းလာသော ကလေးများသည် မနက်ဖြန်တွင် ကျွမ်းကျင်သောပညာရှင်များ၊ တာဝန်ယူမှုရှိသော နိုင်ငံသားများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအင်အားများဖြစ်လာမည် ဖြစ်သည်။

ထို့ကြောင့် ကလေးများ၏ကျန်းမာရေးနှင့် အာဟာရသည် မိသားစုတစ်စု၏ တာဝန်သာမက နိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်လည်းဖြစ်သည်။ WHO ၊ UNICEF နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ ကလေးဘဝတွင် ရရှိသောအာဟာရအခြေအနေသည် ရုပ်ပိုင်း၊ ဉာဏ်ရည်ပိုင်းဖွံ့ဖြိုးမှုနှင့် အနာဂတ်ဘဝအပေါ် ရေရှည်သက်ရောက်မှုရှိပြီး အာဟာရချို့တဲ့မှုသည် အရွယ်ရောက်ချိန်တွင် ကျန်းမာရေးနှင့် လူမှုစီးပွားရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ကလေးများ၏အာဟာရကို နိုင်ငံအနာဂတ်အတွက် အလေးထားဆောင်ရွက်ရမည် ဖြစ်သည်။

## ကလေးကြီးထွားဖွံ့ဖြိုးမှုတွင် အာဟာရ၏အခန်းကဏ္ဍ

ကလေးကြီးထွားဖွံ့ဖြိုးမှုဆိုသည်မှာ ကိုယ်ခန္ဓာအရွယ်အစား တိုးတက်လာခြင်းသာမက ဦးနှောက်၊ အာရုံကြောစနစ်၊ အရိုး၊ ကြွက်သား၊ ကိုယ်ခံအားစနစ်နှင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးလာခြင်းကို ဆိုလိုသည်။ အထူးသဖြင့် ကျောင်းနေအရွယ်သည် ကိုယ်ခန္ဓာကြီးထွားနှုန်းမြန်ဆန်သည့် Growth Spurt Period ဖြစ်ပြီး အရပ်ရှည်ထွားလာမှု၊ အရိုးနှင့် ကြွက်သားဖွံ့ဖြိုးမှု၊ ဦးနှောက်စွမ်းရည်နှင့် သင်ယူနိုင်စွမ်းတိုးတက်မှုများအတွက် အာဟာရလိုအပ်ချက်မြင့်မားသောကာလဖြစ်သည်။

ဤကာလတွင် အာဟာရမလုံလောက်ပါက ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ပညာသင်ယူနိုင်စွမ်းနှင့် အနာဂတ်ကျန်းမာရေးအပေါ် ထိခိုက်မှုများဖြစ်ပေါ်နိုင်သည်။ ကလေးများ၏ အစားအစာတွင် စွမ်းအင်ပေးသော ကာဗိုဟိုက်ဒရိတ်၊ ကိုယ်ခန္ဓာတည်ဆောက်ပေးသော ပရိုတင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သော အဆီဓာတ်များနှင့် ဗီတာမင်၊ သတ္တုဓာတ်များ မျှတစွာပါဝင်ရမည်။ အထူးသဖြင့် သံဓာတ်၊ ဇင့်၊ ဗီတာမင် A နှင့် အိုင်အိုဒင်းတို့သည် ဦးနှောက်ဖွံ့ဖြိုးမှု၊ ကိုယ်ခံအားနှင့် ကြီးထွားမှုအတွက် မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် ဆန်၊ ဂျုံကဲ့သို့ စွမ်းအင်ပေးအစားအစာများနှင့်အတူ အသား၊ ငါး၊ ဥ၊ ပဲမျိုးစုံ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို မျှတစွာကျွေးမွေးသင့်သည်။

## အာဟာရချို့တဲ့မှုနှင့် ခေတ်သစ်အာဟာရပြဿနာများ

ကမ္ဘာတစ်ဝန်းတွင် ကလေးအာဟာရပြဿနာများသည် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အချို့ဒေသများတွင် အာဟာရမလုံလောက်မှုကြောင့် အရပ်ပုခြင်း၊ ပိန်လွန်းခြင်းနှင့် ကိုယ်အလေးချိန်နည်းခြင်းများဖြစ်ပေါ်နေသကဲ့သို့ အခြားဒေသများတွင် ကလေးအဝလွန်ခြင်းလည်း တိုးပွားလာနေသည်။

WHO က ယင်းအခြေအနေကို "Double Burden of Malnutrition" ဟု သတ်မှတ်ထားပြီး အာဟာရချို့တဲ့မှုနှင့် အာဟာရလွန်ကဲမှုတို့သည် တစ်နိုင်ငံတည်း သို့မဟုတ် မိသားစုတစ်စုအတွင်းပင် တစ်ပြိုင်နက်ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။ အာဟာရချို့တဲ့သောကလေးများသည် ကိုယ်ခံအားနည်း၍ ကူးစက်ရောဂါများ ပိုမိုဖြစ်ပွားနိုင်ပြီး အရွယ်ရောက်ချိန်တွင် ဆီးချို၊ သွေးတိုးနှင့် နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်သည်။ တစ်ဖက်တွင် သကြား၊ အဆီနှင့် ဆားများသော အချိုရည်များနှင့် အသင့်စားအစားအစာများကို အလွန်အကျွံစားသုံးခြင်းသည် ကလေးအဝလွန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ယနေ့ခေတ် ကလေးအာဟာရ၏ ရည်ရွယ်ချက်မှာ အစာရရှိစေရုံသာမက ကျန်းမာသောအစားအစာများကို မှန်ကန်စွာရွေးချယ်စားသုံးနိုင်သည့်အလေ့အထများ တည်ဆောက်ပေးရန် ဖြစ်သည်။

## ကျောင်းအာဟာရအစီအစဉ်၏အရေးပါမှု

မူကြိုနှင့် ကျောင်းနေအရွယ်သည် ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးစွမ်းရည်များဖွံ့ဖြိုးပြီး ကျန်းမာသောစားသောက်မှုအလေ့အထများ တည်ဆောက်သည့် အရေးကြီးသောအချိန်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသည် စာသင်ကြားရာနေရာသာမက ကလေးများ၏ ကျန်းမာရေးနှင့် အာဟာရကို မြှင့်တင်ပေးနိုင်သော အရေးပါသည့် ပတ်ဝန်းကျင်တစ်ခုလည်းဖြစ်သည်။

ကျောင်းအာဟာရအစီအစဉ်သည် အာဟာရပြည့်ဝသော အစားအစာများပံ့ပိုးပေးခြင်း၊ အာဟာရပညာပေးခြင်းနှင့် ကျန်းမာသောစားသောက်မှုအလေ့အကျင့်များ တည်ဆောက်ပေးခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သည့် ကျန်းမာရေးမြှင့်တင်ရေးအစီအစဉ်ဖြစ်သည်။ ဤအစီအစဉ်များသည် ကမ္ဘာတစ်ဝန်းရှိ ကလေးသန်းပေါင်းများစွာ၏ အာဟာရလုံခြုံရေးကို အထောက်အကူပြုနေပြီး အထူးသဖြင့် ဆင်းရဲနွမ်းပါးသော မိသားစုများမှ ကလေးများအတွက် အရေးကြီးသော အာဟာရရင်းမြစ်တစ်ခု ဖြစ်သည်။

သုတေသနများအရ ကျောင်းအာဟာရအစီအစဉ်များသည် အာဟာရချို့တဲ့မှုကို လျှော့ချပေးနိုင်သကဲ့သို့ ကျောင်းတက်ရောက်မှု၊ အာရုံစူးစိုက်မှုနှင့် သင်ယူနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ ထို့အပြင် ငယ်စဉ်ကတည်းက ကျန်းမာသောအစားအစာရွေးချယ်စားသုံးသည့်အလေ့အထကို တည်ဆောက်ပေးခြင်းသည် ရေရှည်ကျန်းမာရေးအတွက် အရေးကြီးသည်။

## ကျောင်းပတ်ဝန်းကျင်ရှိအစားအစာများ

ကျောင်းပတ်ဝန်းကျင်ရှိ အစားအစာရွေးချယ်မှုများသည်လည်း ကလေးများ၏ အာဟာရအခြေအနေအပေါ် သက်ရောက်မှုရှိသည်။ ကျောင်းမုန့်ဈေးဆိုင်များတွင် သကြားပါဝင်မှုများသော အချိုရည်များ၊ အာလူးကြော်၊ အသင့်စားခေါက်ဆွဲနှင့် ပြုပြင်ထုတ်လုပ်ထားသော အစားအစာများကို အလွယ်တကူရရှိနိုင်သဖြင့် ကလေးများအကြား စားသုံးမှုများလာသည်။ ထိုအစားအစာများသည် သကြား၊ ဆားနှင့် အဆီများပြီး အာဟာရတန်ဖိုးနည်းသောကြောင့် အာဟာရမညီမျှမှု၊ သွားပိုးစားခြင်းနှင့် အဝလွန်ခြင်းတို့ဖြစ်ပေါ်စေနိုင်ကာ အနာဂတ်တွင် နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။

ထို့ကြောင့် ကျောင်းမုန့်ဈေးဆိုင်များတွင် အသီးအနှံများ၊ နို့၊ ဥ၊ ပဲမျိုးစုံနှင့် မြန်မာ့ရိုးရာမုန့်များကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ဦးစားပေးရောင်းချပြီး သကြား၊ ဆားနှင့် အဆီများလွန်းသော အစားအစာများကို လျှော့ချသင့်သည်။ မိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့များနှင့် ရောင်းချသူများပူးပေါင်း၍ အာဟာရပညာပေးခြင်းဖြင့်ကျန်းမာသောစားသောက်မှုအလေ့အထများကို မြှင့်တင်ပေးနိုင်သည်။

## နိုင်ငံတကာမှကျောင်းအာဟာရပုံစံများ

ဂျပန်နိုင်ငံသည် ကျောင်းအာဟာရတွင် အောင်မြင်သော နမူနာနိုင်ငံတစ်နိုင်ငံဖြစ်ပြီး Shokuiku (Food and Nutrition Education) စနစ်မှတစ်ဆင့် ကလေးများအား အစားအစာ၏တန်ဖိုး၊ အာဟာရနှင့် ကျန်းမာရေးအသိပညာများကို သင်ကြားပေးကာ ကျန်းမာသောစားသောက်မှုအလေ့အထများကို ပြုစုပျိုးထောင်ပေးသည်။

ကျောင်းနေ့လယ်စာများတွင် ထမင်း၊ ဟင်းသီးဟင်းရွက်၊ ငါး သို့မဟုတ် အသား၊ နို့နှင့် ဒေသထွက်အစားအစာများကို မျှတစွာထည့်သွင်းထားသည်။ ထိုင်းနိုင်ငံတွင်လည်း အစိုးရက မူလတန်းကျောင်းသား ကျောင်းသူများအတွက် ထမင်း၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများပါဝင်သော ကျောင်းနေ့လယ်စာများကို ထောက်ပံ့ပေးလျက်ရှိသည်။ စင်ကာပူနိုင်ငံတွင် ကျောင်းကန်တင်းများအတွက် အာဟာရစံနှုန်းများ သတ်မှတ်ထားပြီး သကြား၊ ဆားနှင့် အဆီများသော အစားအစာများကို လျှော့ချကာ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာရွေးချယ်မှုများကို အားပေးလျက်ရှိသည်။

## မြန်မာနိုင်ငံအတွက် ကျောင်းအာဟာရ

မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာစေရန်နှင့် အရွယ်မတိုင်မီသေဆုံးမှုများ လျှော့ချနိုင်ရန် KG ကျောင်းသား ကျောင်းသူများအတွက် ကျောင်းတွင်း အာဟာရကျွေးမွေးရေးအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ကလေးအာဟာရတိုးတက်ရေးတွင် တိုးတက်မှုများရရှိခဲ့သော်လည်း အချို့ဒေသများတွင် အာဟာရချို့တဲ့မှုက ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု၊ အစားအစာဘေးကင်းလုံခြုံရေး မပြည့်စုံမှု၊ အာဟာရအသိပညာနည်းပါးမှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် သန့်ရှင်းရေးအခြေအနေများသည် ကလေးများ၏ အာဟာရအခြေအနေအပေါ် သက်ရောက်မှုရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျောင်းအာဟာရအစီအစဉ်များကို အောက်ပါအချက်များအပေါ် အခြေခံ၍ တိုးချဲ့ဆောင်ရွက်သင့်ပါသည် -

**(၁) ဒေသအလိုက်သင့်လျော်သော အာဟာရအစီအစဉ်များ ဆောင်ရွက်ခြင်း**

တိုင်းရင်းသားဒေသများ၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် စားသောက်မှုအလေ့အထနှင့် အစားအစာရရှိနိုင်မှုမတူညီသောကြောင့် ဒေသအခြေအနေနှင့်ကိုက်ညီသော ကျောင်းအာဟာရပုံစံများ လိုအပ်သည်။

**(၂) Home-Grown School Feeding စနစ် အသုံးချခြင်း**

WFP မှအားပေးသည့် Home-Grown School Feeding စနစ်သည် ကျောင်းအစားအစာများအတွက် လိုအပ်သော ဆန်၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ဥနှင့် ပဲမျိုးစုံတို့ကို ဒေသခံတောင်သူများထံမှ ရယူအသုံးပြုခြင်းဖြစ်သည်။ ယင်းစနစ်သည် ကလေးများအား လတ်ဆတ်ပြီး အာဟာရပြည့်ဝသောအစားအစာများ ရရှိစေရုံသာမက ဒေသခံစိုက်ပျိုးရေးနှင့် စီးပွားရေးကိုလည်း အထောက်အကူပြုနိုင်သည်။

**(၃) ကျောင်းကျန်းမာရေးနှင့် အာဟာရစောင့်ကြည့်မှု တိုးမြှင့်ခြင်း**

ကျောင်းသားများ၏ အရပ်၊ ကိုယ်အလေးချိန်၊ BMI၊ သွေးအားနည်းမှုနှင့် အာဟာရအခြေအနေများကို ပုံမှန်စောင့်ကြည့်ခြင်းဖြင့် အာဟာရအစီအစဉ်များ၏ထိရောက်မှုကို အကဲဖြတ်နိုင်ပြီး လိုအပ်သောပြုပြင်မှုများကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

## နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ခြင်း

ကလေးများ၏အာဟာရသည် နေ့စဉ်စားသုံးရသည့် အစားအစာတစ်နပ်ထက် ပိုမိုအရေးကြီးသော အနာဂတ်ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။ ကလေးဘဝ အာဟာရသည် ဘဝတစ်လျှောက် ကျန်းမာရေးနှင့် စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိသဖြင့် ကျောင်းအာဟာရအစီအစဉ်များတွင် အာဟာရပြည့်ဝသော အစားအစာပေးအပ်ခြင်းနှင့်အတူ အာဟာရပညာပေးခြင်း၊ ကျန်းမာသောစားသောက်မှု အလေ့အထများ မြှင့်တင်ပေးခြင်းကို အလေးထား ဆောင်ရွက်သင့်သည်။

ကလေးအာဟာရ ဖွံ့ဖြိုးတိုးတက်ရေးသည် မိသားစု၊ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားဖွံ့ဖြိုးရေး လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကလေးတိုင်းအား အာဟာရပြည့်ဝသောအစားအစာနှင့် ကျန်းမာသောပတ်ဝန်းကျင်ပံ့ပိုးပေးခြင်းသည် နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ပေးခြင်းပင်ဖြစ်ပါသည်။ ။

---

# ပေါက်ခေါင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ပေါက်ခေါင်း စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းက တောင်ရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းတွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) သင်တန်းဆင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သင်တန်းသို့တက်ရောက်လာသည့် သင်တန်းသား ၆၁ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၁၀၉ ဦးတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းအရာတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**လောမင်းကို(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ



**ပဲခူး စက်တင်ဘာ ၈**

၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ကျောင်းစနစ်အတွင်း မသင်ကြားနိုင်သည့် ကျောင်းပြင်ပရောက် ကလေးများအတွက် ကျောင်းပြင်ပ ပညာရေးနှင့် စဉ်ဆက်မပြတ် သင်ယူခွင့် အခွင့်အလမ်းများကို လည်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသလို ကျောင်းပြင်ပ မူလတန်း၊ အလယ်တန်းပညာရေး အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အထူးအစီအစဉ်ကိုလည်း ဖော်ဆောင်ပေးခဲ့ကြောင်း၊ အတတ်ပညာမရှိလျှင် အသိပညာမရှိနိုင်သည့်အတွက် အခြားသူများ၏ သွေးထိုး လှုံ့ဆော်မှုများကို နားယောင်၍ မိမိတို့၏ ဘဝတစ်လျှောက်လုံး ပျက်စီးသွားနိုင်သည်ကို သတိချပ်ရမည်ဖြစ်ကြောင်းနှင့် စာတတ်မြောက်မှုသည် လူတိုင်းပါဝင်နိုင်သော လူမှုအသိုင်းအဝိုင်းတည်ဆောက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သော အသိပညာဖွံ့ဖြိုးရေး၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း တိုးတက်မှုတို့နှင့် ဆက်နွှယ်မှုရှိသဖြင့် လူတိုင်းစာတတ်မြောက်ရေး အားလုံးဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အထက-မြို့အနောက် (ခ)မှ ကျောင်းသား ကျောင်းသူများက "အနာဂတ်လူရည်ချွန်"၊ "ဘယ်သူပြိုင်လို့လုပါတော့နိုင်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေရေး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုပေးအပ်

**ရန်ကင်း စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ်တွင် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုပေးအပ်ပွဲကို ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။ ယင်းနောက် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုပေးအပ်ပွဲတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက Fitness Dance အက၊ ပညာပေးဝေ ရန်ကင်းမြေသီချင်း၊ အလှဖြာဝေပူတာအိုမြေသီချင်း၊ Role play ( English) တင်ဆက်ခြင်း၊ ကျောင်းသားမောင်ဟိန်းသန့်က လုလင်ငယ်သွေး သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**လှလှထွေး(ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ



**ထားဝယ် စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ပုလဲကေရီခန်းမ၌ကျင်းပရာ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိသူ နှစ်ဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ အထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

အခမ်းအနားကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကားပြောကြားကာ ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ယူနက်စကိုမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး မိသားစုက လှူဒါန်းသော ကျောင်းပြင်ပပညာရေး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ် ၁၆၃၁ ဒါဇင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများဆောင်ရွက်ရန် ချီးမြှင့်ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အခြေခံပညာ ဆရာ ဆရာမများက "စာတတ်မြောက်ရေး ဂုဏ်ပြုတေး" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး စာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှု Video Clip ကို ပြသကာ ရမ္မရှု-အခြေခံပညာ ကျောင်းသား ကျောင်းသူများက "ဝထကလသ"သီချင်းဖြင့် သရုပ်ဖော်သီဆို ဂုဏ်ပြုပြီး ကျောင်းသား ကျောင်းသူများက "ကလေးများအတွက် ဒီနေ့" သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဝေါမြို့နယ်၌ ကျောင်းပေါင်းစုံ အားကစားပွဲတော်ဖွင့်ပွဲ ကျင်းပ

**ဝေါ စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းပေါင်းစုံ အားကစားပွဲတော်ဖွင့်ပွဲကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်က အားကစားသမားများအား အားပေးစကားပြောကြားကာ အားကစားပွဲတော်တွင် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အခမ်းအနားကို မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မင်းလှမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း



**မင်းလှ စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီက ၂၀၂၆-၂၀၂၇ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက သင်အိုင်ကျေးရွာအုပ်စု၌ ပြုလုပ်သည်။

စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် ဝန်ထမ်းများက သင်အိုင်ကျေးရွာအုပ်စု တောင်သူ ဦးအောင်ဆန်းမင်း၏ လယ်မြေ ငါးဧက၌ မိုးစပါး ဆာဖိုးသာမျိုးအား တောင်သူများနှင့်ပူးပေါင်း၍ စံကွက်ရိတ်သိမ်းကြရာ တစ်ဧက အစို ၁၃၆ ဒသမ ၅ တင်း၊ အခြောက် ၁၂၂ ဒသမ ၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**




## မကွေးမြို့၌ ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မကွေး စက်တင်ဘာ ၈

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စိုးနိုင်က ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က ပေးပို့သည့် “နိုင်ငံတကာ စာတတ်မြောက်ရေးနေ့” သဝဏ်လွှာကို ဖတ်ကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ကျောင်းပြင်ပ ပညာရေးမှ WASH သင်တန်းနှင့် အလယ်တန်းအဆင့် နည်းပြသင်တန်းတွင် ဆုရရှိခဲ့သော ဆရာ ဆရာမများ၊ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသူများအား ဆုများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် မကွေးမြို့တိုင်းပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် လူနာနှင့် လူနာစောင့်များအတွက် အာဟာရဖြည့်အစားအစာနှင့် ထမင်းဘူးများ ပေးအပ်သည်။

အဆိုပါဆေးရုံကြီးတွင် ရန်ကုန်မြို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သောကွင်းဆင်းကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို စက်တင်ဘာ ၈ ရက်နှင့် ၉ ရက် နှစ်ရက်တာ အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ် ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့

ပုသိမ် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သဖြင့် တာတမံ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ရေးလုပ်ငန်းများကို ဩဂုတ် ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရေဝင်လမ်းကြောင်းကို ထိန်းချုပ်နိုင်ပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို နေ့လယ်စာ ဒံပေါက်ဘူးများနှင့် Mytel ဆင်းကတ်များ လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၅) ရပ်ကွက်သို့ သွားရောက်၍ ရေပြန်လည်ကျဆင်းမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေပြန်လည်ကျဆင်းလာသဖြင့် ၎င်းတို့၏နေအိမ်များတွင် ပြန်လည်နေထိုင်နေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပဲခူးမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပဲခူး စက်တင်ဘာ ၈

၂၀၂၆ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုလဲခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးဟန်အောင်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကော်မတီ အတွင်းရေးမှူး တိုင်းနည်းပြမှူး ဦးသိမ်းအောင်က နှလုံးနှိုးဆွခြင်းနှင့် အသက်ရှူအား ကူနည်း၊ ဦးခေါင်းပတ်တီးစည်းနည်း၊ သုံးထောင့်ပတ်တီးနှင့် လက်သိုင်းကွင်းစည်းနည်း၊ ရိုးရိုးပတ်တီးစည်းနည်း စသည့် ရှေးဦးပြုစုခြင်း ဘာသာရပ်များအကြောင်း ဟောပြောပို့ချသည်။

ယင်းနောက် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုထွေးက ယခုကဲ့သို့ ရှေးဦးပြုစုခြင်း ဘာသာရပ်များကို အသိပညာဖြန့်ဝေပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းသား ကျောင်းသူများအတွက် အရေးပေါ်ဆေးဘက်ဆိုင်ရာပစ္စည်းများ ပါဝင်သည့် First aid kid ကို လက်ဆောင်ပေးအပ်ခဲ့ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

ရေတာရှည် စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြို့နယ်ဥပဒေရုံးနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ရေတာရှည်မြို့ နတ်ရေတွင်း ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ယမန်နေ့က ပြုလုပ်သည်။

အဆိုပါသင်တန်း၌ သင်တန်းဆင်းသည့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဘိုးတော်ကုန်းကျေးရွာအုပ်စု၊ ဝါးရုံတောကျေးရွာအုပ်စုနှင့် ပီတူးကျေးရွာအုပ်စုတို့မှ သင်တန်းသား ၁၀၅ ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၈

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁) Multi Hall ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးခွဲ (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေး ဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



ထို့နောက် တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့နယ် အလက(ပုသိမ်ကွင်း)၌ အသိပညာပေးဟောပြော

ပေါင် စက်တင်ဘာ ၈

မွန်ပြည်နယ် ပေါင်မြို့နယ် အလက (ပုသိမ်ကွင်း)၌ မူခင်းကျဆင်းရေးနှင့် ဥပဒေရေးရာ အသိပညာပေး ဟောပြောပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ဟောပြောပွဲတွင် မြို့နယ်ဥပဒေအရာရှိက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ မုတ္တမစခန်းမှူးက မှုခင်းကျဆင်းရေးအကြောင်း သိကောင်းစရာ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိက မိုးကြိုးပစ်ခြင်းအန္တရာယ်အကြောင်း သိကောင်းစရာနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃)က စာဖတ်ခြင်းအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး၌ စာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အထက (လေ့ကျင့်ရေး)ကျောင်းတွင် ကျင်းပရာ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စေတနာပန်းတို့လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ရန်ကုန်တိုင်းဒေသကြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြားသည်။



ယင်းနောက် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဝင်းအောင်က ဖတ်ကြားပြီး ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဒွေးတို့က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကမာရွတ်မြို့နယ် အထက (လေ့ကျင့်ရေး) ကျောင်းမှ ကျောင်းသား ကျောင်းသူများက "တို့အင်တို့အား" သီချင်းဖြင့်ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ရန်ကုန် တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(အင်းစိန်၊ တိုက်ကြီး၊ တွံတေး)ခရိုင် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေတံဆိပ်များဆုရှင် မဟာရန်ကုန် ပြည်ချစ်မယ် ပေါက်ကျော်မက မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသားကျောင်းသူများက ပုဂံအကအလှနှင့် စင်တော်ပြိုင်အကတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အင်းစိန်၊ တိုက်ကြီး၊ တွံတေး) ခရိုင် ပြိုင်ပွဲကို ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၅၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့အဝင် ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကုန်စစ်ဆေးရေးစခန်းဖွင့်လှစ်ထားရှိ

**မြစ်ကြီးနား စက်တင်ဘာ ၈**

ကချင်ပြည်နယ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ပို့ကုန်ပစ္စည်းများ တရားဝင်တင်ပို့နိုင်ရေးနှင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများရရှိရေး၊ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ ပပျောက်စေရေးအတွက် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်း ဖွင့်လှစ်ထားရှိရာ အဆိုပါ ကုန်စစ်ဆေးရေးစခန်းသို့ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသအတွက်အရေးပါသည့် ကုန်သွယ်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှုမရှိစေရေးအတွက် ကုန်စစ်ဆေးရေးစခန်း၌ လိုအပ်သည့် အခြေခံအဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ကြရေး ဌာနဆိုင်ရာများ၊ ကံပိုင်တည်ကုန်သည်ကြီးများအသင်း တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ခြံဝင်းအတွင်း မြို့နယ်စည်ပင်သာယာအဖွဲ့သန့်ရှင်းရေးဝန်ထမ်းများနှင့် ကုန်တင်ကုန်ချအဖွဲ့များက ခြံသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကိုဖတ်ကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပညာရေးဝန်ကြီးဌာန၏ စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုကလစ်ဖွင့်လှစ်ပြသကာ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာထက်၊ လယ်၊ မူအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## လားရှိုးမြို့နယ် ဝုန်းမေတ္တာအမှတ်(၁) ဟိတကာရီ ငွေစုငွေချေးသမဝါယမအသင်း စည်းဝေး

**လားရှိုး စက်တင်ဘာ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ် ဝုန်းမေတ္တာ အမှတ်(၁) ဟိတကာရီ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်းအမှုဆောင်သစ် ရွေးချယ်ခြင်းကို ယမန်နေ့က သာသနဟိတကာရီ သီလရှင်စာသင်တိုက် သုံးထပ်ဆောင်၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်မန်းတို့က အမှာစကား ပြောကြားပြီး အသင်းနှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုသည်။ ထို့နောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သောအသင်းသားများ၏ သား/သမီးများအား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကာ အသင်း၏ အမှုဆောင်သစ်များက ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း (ရွှေသောင်)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက်က ရွှေသောင်ကျေးရွာ၌ကျင်းပရာ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်ထွန်း၊ အုပ်စု(၁၄) အုပ်စုမှူးဆရာမကြီး ဒေါ်စုစုသင်းနှင့် ရပ်မိရပ်ဖ ဦးဇော်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

ကျိုက်ထို(ပြန်/ဆက်)



## မော်လိုက်မြို့၌ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

**မော်လိုက် စက်တင်ဘာ ၈**

စစ်ကိုင်း တိုင်းဒေသကြီး မော်လိုက်မြို့၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဖွင့်လှစ်သော စိုက်ပျိုးရေးနည်းပညာပေး သင်တန်းကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးအောင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းကို စက်တင်ဘာ ၇ ရက်မှ ၁၈ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ တို့အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုထက်(ပြန်/ဆက်)**

## ဒလမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊တံတားလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ဒလမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)၊ ညွှန်ကြားရေးမှူး (မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

# ညဏ်ရည်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သော အနာဂတ်မျိုးဆက်သစ်များဆီသို့

ဒေါက်တာအောင်ညွန့်ပိုင်

လူသားတစ်ဦး ကျန်းမာသန်စွမ်းပြီး ညဏ်ရည်ထက်မြက်ရန်အတွက် နေ့စဉ်စားသုံးသော အစားအစာများတွင် အာဟာရဓာတ်များ ပြည့်ဝစုံလင်စွာပါဝင်ရန် လိုအပ်သည်။ အာဟာရဓာတ်များစွာအနက် ခန္ဓာကိုယ်အတွက် အနည်းငယ်မျှသာ လိုအပ်သော်လည်း မရှိမဖြစ် အရေးကြီးလှသည့် သတ္တုဓာတ်တစ်မျိုးမှာ "အိုင်အိုဒင်း (Iodine)" ဓာတ်ပင်ဖြစ်သည်။

အိုင်အိုဒင်းဆိုသည်မှာ လည်ပင်းတွင်ရှိသော သိုင်းရွိုက်ဂလင်းမှ သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် သတ္တုဓာတ်တစ်မျိုးဖြစ်သည်။ ယင်းဟော်မုန်းသည် လူတို့၏ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှု၊ အပူချိန်ထိန်းညှိမှုနှင့် အဓိကအကျဆုံးဖြစ်သော ဦးနှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးမှုတို့အတွက် သော့ချက်ကျလှသည်။ ခန္ဓာကိုယ်တွင် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက သားသမီးများ၏ အနာဂတ် ညဏ်ရည်ညဏ်သွေးကို လျော့ကျစေရုံသာမက မိသားစုနှင့် လူမှုပတ်ဝန်းကျင်အတွက်ပါ ကြီးမားသောဆုံးရှုံးမှုများကိုဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထုတ်ပြန်ချက်များအရ ကမ္ဘာတစ်ဝန်းတွင် ကာကွယ်၍ရပါလျက်နှင့် ဖြစ်ပွားနေသော မွေးရာပါ ညဏ်ရည်မမီခြင်းနှင့် ဦးနှောက်မဖွံ့ဖြိုးခြင်းပြဿနာများ၏ အဓိကတရားခံမှာ အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းပင်ဖြစ်သည်။

**ကမ္ဘာလုံးဆိုင်ရာနှင့် မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းကြောင်း**

အတိတ်ကာလများက မြန်မာနိုင်ငံ၏ အချို့သော ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသများနှင့် မြေဆီလွှာအာဟာရဓာတ် လျော့နည်းသောဒေသများတွင် လည်ပင်းကြီးရောဂါခံစားရသူ အလွန်များပြားခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနသည် ယူနီဆက် (UNICEF) စသည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆားချက်စက်ရုံများတွင် အိုင်အိုဒင်းဓာတ်ဖြည့်စွက်ခြင်းလုပ်ငန်းစဉ်များကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်း၍ အကောင်အထည်ဖော်ခဲ့သည်။ ယနေ့ခေတ်တွင် ရောဂါဖြစ်ပွားနှုန်း သိသာစွာကျဆင်းသွားသော်လည်း ရရှိထားသောအောင်မြင်မှုများကို ထိန်းသိမ်းရန်နှင့် ရာနှုန်းပြည့်ပပျောက်စေရန်အတွက် လူထုပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်။

**အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဖြစ်ပွားနိုင်သော ကျန်းမာရေးပြဿနာများ**

လူအများစုသည် အိုင်အိုဒင်းချို့တဲ့ခြင်းကို လည်ပင်းကြီးရောဂါ (Goitre) တစ်ခုတည်းသာဖြစ်ပွားသည်ဟု ထင်မှတ်တတ်ကြသည်။ သို့သော် အိုင်အိုဒင်းချို့တဲ့ခြင်းသည် အသက်အရွယ်မရွေး၊ ကျား/မ မရွေး ကျန်းမာရေးဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်ပြီး ဆေးပညာအရ ယင်းတို့ကို "အိုင်အိုဒင်းချို့တဲ့ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ (Iodine Deficiency Disorders – IDD)"ဟု ခေါ်ဆိုသည်။

**၁။ ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားအပေါ်သက်ရောက်မှု**

ကိုယ်ဝန်ဆောင်ချိန်တွင် အိုင်အိုဒင်းချို့တဲ့ပါက မိခင်ကိုသာမက ကလေးကိုပါ နှစ်ဦးစလုံး အပြင်းအထန်ထိခိုက်နိုင်သည်။ သန္ဓေသား၏ အသက်ရှင်သန်နိုင်စွမ်းကို တိုက်ရိုက်ထိခိုက်စေသည်။ ကလေးငယ်တွင် မွေးရာပါ ဦးနှောက်နှင့် အာရုံကြောမဖွံ့ဖြိုးခြင်း၊ ဆွံ့အနားမကြားဖြစ်ခြင်း၊ ခြေလက်သေခြင်း စသည်တို့ဖြစ်ပွားနိုင်သည်။ ကလေးငယ်သည် ခန္ဓာကိုယ်သေးကွေးပုညှက်ပြီး ပြင်းထန်စွာ ညဏ်ရည်မမီသော ရောဂါခံစားရကာ တစ်သက်လုံးသူတစ်ပါးအပေါ် မှီခိုရသည့်ဘဝသို့ ရောက်ရှိသွားနိုင်သည်။

**၂။ ကလေးငယ်များနှင့် လူငယ်များအပေါ် သက်ရောက်မှု**

အိုင်အိုဒင်းချို့တဲ့သော ကလေးငယ်များသည် သာမန်ကလေးများထက် ညဏ်ရည်အဆင့် လျော့နည်းတတ်သည်။ ကျောင်းသင်ခန်းစာများကို လေ့လာမှတ်သားနိုင်စွမ်းလျော့ကျခြင်းကြောင့် ပညာရေးတွင် နောက်ကျကျန်ခဲ့နိုင်သည်။

အရိုးအဆစ်နှင့် ကြွက်သားကြီးထွားမှုစနစ် နှေးကွေးပြီး အသက်အရွယ်အလိုက်မဖွံ့ဖြိုးဘဲ ပုညှက်ခြင်း၊ ကြံ့ခိုင်မှုမရှိခြင်း စသည်တို့ ဖြစ်တတ်သည်။

**၃။ လူကြီးများနှင့် အရွယ်ရောက်ပြီးသူများအပေါ် သက်ရောက်မှု**

လူကြီးများတွင် အိုင်အိုဒင်းချို့တဲ့ပါက လည်ပင်းကြီးရောဂါ (Goitre) ဖြစ်ပွားနိုင်သည်။ သိုင်းရွိုက်ဂလင်းသည် လိုအပ်သော ဟော်မုန်းကို ပိုမိုထုတ်လုပ်နိုင်ရန်အတွက် ပုံမှန်ထက်ပိုမိုကြီးထွားလာရခြင်းဖြစ်သည်။ လည်ပင်းကြီးလွန်းပါက အစာမျိုရခက်ခြင်း၊ အသက်ရှူကျပ်ခြင်း စသည်တို့ဖြစ်ပေါ်နိုင်သည်။

ထို့ပြင် အိုင်အိုဒင်းချို့တဲ့ပါက သိုင်းရွိုက်ဟော်မုန်းနည်းခြင်း (Hypothyroidism) ဖြစ်ပွားနိုင်သည်။ ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များ နှေးကွေးသွားပြီး ကိုယ်အလေးချိန် အကြောင်းရင်းမရှိဘဲတက်လာခြင်း၊ အအေးမခံနိုင်ခြင်း၊ အမြဲတမ်း မျက်နှာအစ်ပြီး လေးလံထိုင်းမှိုင်းနေခြင်း၊ မောပန်းလွယ်ခြင်းနှင့် အလုပ်လုပ်လိုစိတ်လျော့နည်းခြင်း စသည်တို့ ဖြစ်ပွားတတ်သည်။

**လူသားတစ်ဦးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ သတ်မှတ်ထားသော အိုင်အိုဒင်း နေ့စဉ်လိုအပ်ချက် စံနှုန်းများ**

ခန္ဓာကိုယ်တွင် အိုင်အိုဒင်းဓာတ်မပြတ်လပ်စေရန် အသက်အရွယ်အလိုက် အောက်ပါပမာဏအတိုင်း နေ့စဉ်ရရှိရန် လိုအပ်သည်။

မွေးကင်းစမှ အသက် ၅ နှစ်အထိ ကလေးငယ်များ– နေ့စဉ် ၉၀ မိုက်ခရိုဂရမ် (µg)

အသက် ၆ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသားလူငယ်များ– နေ့စဉ် ၁၂၀ မိုက်ခရိုဂရမ် (µg)

> ❖ **အိုင်အိုဒင်းဆိုသည်မှာ လည်ပင်းတွင်ရှိသော သိုင်းရွိုက်ဂလင်းမှ သိုင်းရွိုက်ဟော်မုန်း ထုတ်လုပ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် သတ္တုဓာတ်တစ်မျိုးဖြစ်သည်။ ယင်းဟော်မုန်းသည် လူတို့၏ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှု၊ အပူချိန်ထိန်းညှိမှုနှင့် အဓိကအကျဆုံးဖြစ်သော ဦးနှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးမှုတို့အတွက် သော့ချက်ကျလှသည်**
>
> ❖ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထုတ်ပြန်ချက်များအရ ကမ္ဘာတစ်ဝန်းတွင် ကာကွယ်၍ ရပါလျက်နှင့် ဖြစ်ပွားနေသော မွေးရာပါညဏ်ရည်မမီခြင်းနှင့် ဦးနှောက်မဖွံ့ဖြိုးခြင်း ပြဿနာများ၏ အဓိကတရားခံမှာ အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းပင်ဖြစ်**

အရွယ်ရောက်ပြီးသူ လူကြီးများ– နေ့စဉ် ၁၁၀ မှ ၁၅၀ မိုက်ခရိုဂရမ် (µg)

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ– နေ့စဉ် ၂၅၀ မိုက်ခရိုဂရမ် (µg) (မိခင်များအနေဖြင့် သန္ဓေသားနှင့် ရင်သွေးငယ်အတွက်ပါ မျှဝေပေးရသဖြင့် သာမန်လူများထက် သိသိသာသာ ပိုမိုလိုအပ်ကြောင်း သတိပြုရမည်ဖြစ်သည်။)

**အိုင်အိုဒင်းဆား စနစ်တကျသုံးစွဲနည်း**

အိုင်အိုဒင်းချို့တဲ့ရောဂါများကို ကာကွယ်ရန် အလွယ်ကူဆုံး၊ အထိရောက်ဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်းမှာ "အိုင်အိုဒင်းဓာတ် ဖြည့်စွက်ထားသောဆား (Iodized Salt)"ကို နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင် အသုံးပြုခြင်းဖြစ်သည်။ သို့သော် နည်းစနစ်မမှန်ပါက အိုင်အိုဒင်းဓာတ်ကို အပြည့်အဝရရှိမည်မဟုတ်ပေ။

အိုင်အိုဒင်းဓာတ်သည် အပူရှိန်၊ စိုထိုင်းဆနှင့် နေရောင်ခြည်တို့ကြောင့် လွယ်ကူစွာ လွင့်ပြယ်ပျက်စီးသွားနိုင်သည်။ ထို့ကြောင့် အောက်ပါစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

ဆားဘူး သို့မဟုတ် ဆားထုပ်ကို ဝယ်ယူသည့်အခါ ထုပ်ပိုးမှုပေါ်တွင် "အိုင်အိုဒင်းဆား"ဟု တရားဝင်ကပ်နှိပ်ထားသော စာသား သို့မဟုတ် တံဆိပ်ပါရှိမှုကို အမြဲစစ်ဆေးရပေမည်။ သိုလှောင်မှုမကောင်းသော လမ်းဘေးဖွင့်ရောင်းသည့် ဆားကြမ်းများတွင် အိုင်အိုဒင်းဓာတ် မပါဝင်နိုင်ပါ။

အိုင်အိုဒင်းဆားကို လေလုံသောဖန်ပုလင်း သို့မဟုတ် ပလတ်စတစ်ဘူးသန့်သန့်တွင်ထည့်၍ အဖုံးကို လုံခြုံစွာပိတ်ထားရမည်။ ဆားဘူးကို မီးဖိုဘေးကဲ့သို့ ပူလွန်းသောနေရာ သို့မဟုတ် နေရောင်ခြည်တိုက်ရိုက်ကျသော ပြတင်းပေါက်အနီးတွင်မထားရဘဲ အေးမြပြီး ခြောက်သွေ့သောနေရာတွင် ထားရှိရမည်ဖြစ်သည်။

ဟင်းချက်ပြုတ်သည့်အခါ ဆားတွင်ပါဝင်သော အိုင်အိုဒင်းဓာတ်များ အပူကြောင့် ပျက်စီးမသွားစေရန်အတွက် ဟင်းအိုးကို မီးဖိုပေါ်မှ ချခါနီးအချိန် သို့မဟုတ် ဟင်းကျက်ခါနီးအချိန်မှသာ ဆားကို ထည့်သွင်းမွှေပေးရမည်ဖြစ်သည်။ ဟင်းစချက်ကတည်းက ဆားကို ကြာရှည်စွာ ဆီသတ်ခြင်း၊ ပြုတ်ခြင်းများပြုလုပ်ပါက အိုင်အိုဒင်းဓာတ် ၈၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးသွားနိုင်သည်။

**အိုင်အိုဒင်းဓာတ်ကြွယ်ဝသော သဘာဝအစားအစာများ**

ဆားအပြင် သဘာဝအလျောက် အိုင်အိုဒင်းဓာတ် ကြွယ်ဝစွာပါဝင်သည့် အစားအစာများကိုလည်း မိသားစုထမင်းဝိုင်းတွင် ထည့်သွင်းကျွေးမွေးသင့်သည်

၁။ ပင်လယ်စာများ– ပင်လယ်ငါး၊ ပုစွန်၊ ကဏန်း၊ ကမာကောင်များနှင့် ပင်လယ်ရေညှိများ။

၂။ တိရစ္ဆာန်ထွက်ပစ္စည်းများ– နို့၊ ဒိန်ချဉ်၊ နို့ထွက်ပစ္စည်းများနှင့် ကြက်ဥ၊ ဘဲဥများ။

၃။ ဟင်းသီးဟင်းရွက်များ– အိုင်အိုဒင်းဓာတ်ကြွယ်ဝသော မြေဆီလွှာတွင် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်များနှင့် အနီရောင်ရှိသော အာလူးများ။

အိုင်အိုဒင်းဆားသည် သာမန်ဆားထက် သွေးတိုးခြင်းကို ပိုမိုမဖြစ်စေပါ။ သို့သော် ဆား (ဆိုဒီယမ်) ကို အလွန်အကျွံစားသုံးခြင်းသည် သွေးတိုးရောဂါကို ဖြစ်စေနိုင်သဖြင့် နေ့စဉ်စားသုံးမှုကို လက်ဖက်ရည်ဇွန်း တစ်ဇွန်း (၅ ဂရမ်) အောက်သာ ကန့်သတ်စားသုံးသင့်ပြီး စားသုံးသည့်အခါ သာမန်ဆားကြမ်းထက် အိုင်အိုဒင်းဆားကိုသာ ရွေးချယ်ရမည်ဖြစ်သည်။

ပင်လယ်နှင့်ဝေးသော တောင်ပေါ်ဒေသများတွင် အဘယ်ကြောင့် အိုင်အိုဒင်းဓာတ် ပိုမိုချို့တဲ့ရသနည်း။

တောင်ပေါ်ဒေသများရှိ မြေဆီလွှာများသည် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် မြေဆီလွှာတွင် သဘာဝအလျောက် ပါဝင်သော အိုင်အိုဒင်းဓာတ်များ မျောပါပျက်စီးသွားတတ်သည်။ ထို့ကြောင့် ထိုမြေ၌ စိုက်ပျိုးသောသီးနှံများတွင် အိုင်အိုဒင်းဓာတ် လုံးဝမပါဝင်တော့သဖြင့် တောင်ပေါ်ဒေသနေ ပြည်သူများသည် အိုင်အိုဒင်းဆားကို ပိုမိုအားကိုး၍ မပျက်မကွက် စားသုံးရမည်ဖြစ်သည်။

**ကျန်းမာသန်စွမ်းသော လူ့ဘောင်အဖွဲ့အစည်းဆီသို့ အတူတကွ လှမ်းချီစို့**

အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေးသည် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ မိသားစုတိုင်း၊ လူထုတစ်ရပ်လုံးတွင် တာဝန်ရှိသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ မိမိတို့အိမ်ရှိ မီးဖိုချောင်တွင် အိုင်အိုဒင်းဆားကို ပြောင်းလဲအသုံးပြုခြင်းသည် သာမန်အလုပ်တစ်ခုကဲ့သို့ထင်ရသော်လည်း အမှန်တကယ်တွင် မိမိတို့၏ရင်သွေးငယ်များကို ညဏ်ရည်နိမ့်ကျခြင်းဘေးအန္တရာယ်မှ ကာကွယ်ပေးရာရောက်ပြီး နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်နေခြင်းဖြစ်သည်။

**"အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာများကို အားလုံးဝိုင်းဝန်းကာကွယ်ကြပါစို့။ ကျန်းမာကြံ့ခိုင်ပြီး ညဏ်ရည်မြင့်မားသော အနာဂတ်လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် အိုင်အိုဒင်းဆားကို နေ့စဉ် စနစ်တကျ စားသုံးကြပါစို့။"**

# ကာလိ(၁) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် ကွန့်ဟိန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၂၀၃၀ ဧကရှိသော နယ်မြေကို **"ကာလိ(၁)ကြိုးပြင်ကာကွယ်တော"** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ သတ်မှတ်လိုက်သည်။


ကာလိ(၁) ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိပြီး အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေများတွင် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းလာနိုင်ခြင်းဖြင့် သစ်တောနယ်မြေများ တိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ကာလိ(၁) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ သစ်ရာ၊ ထောက်ကြံ့၊ သစ်စေး၊ ဆီးဖြူ၊ ဖန်ခါး၊ သစ်ယား၊ သစ်မကျီး၊ ရင်းတိုက်၊ ရင်းစပ်၊ လက်ပံပင်များ ပေါက်ရောက်ပြီး ဝါးပိုးဝါး၊ မြင်ဝါး၊ သိုက်ဝါးများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ ချေ၊ တောကြောင်၊ ကြက်တူရွေး၊ ဗျိုင်းငှက်များ၏ နေရင်းဒေသများထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတတ်မှု အထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ရေစီးကျော်ဝင်ရောက်သည့်နေရာကို Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေဝင်ရောက်မှုများအား တားဆီးပိတ်ဆို့နိုင်ရန်၊ ပြည်သူများ အချိန်တိုအတွင်း ရေးဘေးကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေထိုင်ရာ ဒေသများတွင် ပြန်လည်ဝင်ရောက်နိုင်ရန်နှင့် စိုက်ပျိုးသီးနှံများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်တို့အတွက် တာတမံနိမ့်ကျပြီး ရေစီးကျော်ဝင်ရောက်သည့်နေရာတွင် Sheet Pile များရိုက်၍ ကာရံတားဆီးခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အားဖြည့်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများပေါင်းစပ်ပြီး Sheet Pile များ ရိုက်၍ ကာရံခြင်းလုပ်ငန်းများကို တွန်းသင်္ဘောလေးစင်း၊ Barge တွဲလေးစင်း၊ ပဲ့ထောင်စက်လှေ လေးစင်း၊ Excavator တစ်စီး၊ 50 Ton Crane နှစ်စီး၊ 25 Ton Crane နှစ်စီး၊ Vibro-Hammae With Double Jaw & Accessories လေးစုံ၊ Silent Piler+ Power Unit တစ်စုံ၊ 3.5 Ton Hummer Control Pannel တစ်စုံ၊ Generator သုံးလုံး၊ Air Compressor နှစ်လုံးစသည့် စက်/ယာဉ်/ယန္တရားများကို အသုံးပြု၍ နေ့ညဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ကာရံခြင်းလုပ်ငန်းတွင် Sheet Pile ၂၈၂ ချောင်းကို အသုံးပြု၍ ရေအနက် ၁၇ မီတာအထိ ရိုက်သွင်းခဲ့ရပြီး ရိုက်သွင်းထားပြီးဖြစ်သည့် Sheet Pile များ ပိုမိုခိုင်ခံ့အားကောင်းစေရန်အတွက် အချင်း1.35 မီတာရှိ Stand Pipe လေးလုံး၊ H Beam 400 mm x 400 mm ၆၃ ချောင်းတို့ဖြင့် ကျားကန်ခြင်း၊ ထောက်ကန်ခြင်း၊ Welding တွဲဆက်ခြင်း၊ ချုပ်တန်းများချုပ်ခြင်းတို့ကို တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ်တို့က အင်ဂျင်နီယာနှင့် ဝန်ထမ်းစုစုပေါင်း ၂၃၄ ဦးဖြင့် နေ့ဆိုင်း ညဆိုင်းဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထို့ကဲ့သို့ Sheet Pile များ ရိုက်၍ ကာရံခြင်းလုပ်ငန်းများကို လုပ်ငန်းစတင်ချိန်မှစတင်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆောလျင်စွာပြီးစီးရေးအတွက် စီမံဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရေစီးကျော်ဝင်ရောက်သည့် နေရာတွင် Sheet Pile များ ရိုက်၍ ကာရံတားဆီးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကာရံခြင်းလုပ်ငန်းတွင် အပြီးသတ်ရိုက်သွင်းမည့် Sheet Pile ကို ရိုက်သွင်းပေးကာ ကာရံခြင်းလုပ်ငန်းများကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ရေစီးကျော်ဝင်ရောက်သည့် နေရာကို Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေစီးကျော်ဝင်ရောက်မှုအား အလုံးစုံပိတ်နိုင်ရန်အတွက် သဲအိတ်များချခြင်း၊ Sheet Pile များ၏ အောက်ခြေတွင် Scour မဖြစ်စေရန် Jumbo bag သဲအိတ်များချခြင်း၊ Inclination ထောက်များ ဆောင်ရွက်ခြင်း၊ Sheet Pile များကို ထောက်ထားသော H Beam များ၏ ဝရိန်သားများကို နေ့/ည မပြတ်စောင့်ကြည့်စစ်ဆေးခြင်းနှင့် အားနည်းသောအပိုင်းအား ပြန်လည်အားဖြည့်ဆောင်ရွက်ခြင်း၊ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေရန် Concrete Sinker တုံးများ ချပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဝင်ရောက်မှုကို ပိတ်သိမ်းနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ သောင်တူးစက်ကြီး ရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ရေဝင်လမ်းကြောင်းအနီးသို့ သဲမှုတ်တင်ခြင်းများ၊ သဲ၊ ကျောက်များကို ပိုက်ကွန်ထဲထည့်သွင်း၍ ချခြင်းလုပ်ငန်းများ၊ Geo-bags အိတ်ကြီးများ ချထားခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နယ်၊ ဟင်္သာတမြို့နယ်တို့တွင် နေထိုင်ကြသည့် ပြည်သူများသည် တာတမံပိတ်ဆို့ကာရံခြင်းလုပ်ငန်းများ ပြီးစီးပါက မိမိနေထိုင်ရာဒေသများသို့ ဆောလျင်စွာ ပြန်လည်ဝင်ရောက်နေထိုင်ပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○ ၂၀၂၆ ခုနှစ်မှ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ- တစ်ပွဲ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို မွန်းလွဲ ၃ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*** နိုင်ငံတကာမှ**

အုပ်စုနောက်ဆုံးနေ့ အုပ်စု (A) တွင် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းက မြန်မာကလပ် YCDC Dream Team အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ မြန်မာကလပ် TG United အသင်းက ကမ္ဘောဒီးယားကလပ် Lucky အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အုပ်စု (B) တွင် မြန်မာကလပ် YRG အသင်းက ထိုင်းကလပ် Black Pearl အကယ်ဒမီအသင်းကို လေးဂိုး-သုံးဂိုး၊ မြန်မာကလပ် MIU အသင်းက မြန်မာကလပ် M2K အသင်းကို သုံးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရရှိသည်။ ကမ္ဘောဒီးယားကလပ် Lucky အသင်းသည် နောက်ဆုံးပွဲတွင် သရေတစ်မှတ်ရရုံဖြင့် နောက်တစ်ဆင့် တက်ခွင့်ရမည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် YCDC Dream Team အသင်းက မထင်မှတ်ဘဲ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမရရှိပြီး ကျန်တစ်နေရာအတွက် YCDC Dream Team အသင်း၊ TG United အသင်းနှင့် ကမ္ဘောဒီးယားကလပ် Lucky အသင်းတို့ သုံးမှတ်စီဖြင့် အပြိုင်ဖြစ်ခဲ့သည်။ ယင်းသုံးသင်းစလုံး အပြန်အလှန်ထိပ်တိုက်တွေ့ဆုံမှုတွင် တစ်ပွဲစီအနိုင်ရထားသဖြင့် ဂိုးကွာခြားချက်ဖြင့်ဆုံးဖြတ်ရာ YCDC Dream Team အသင်းက အသာရပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အုပ်စု (B) တွင် MIU အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ YRG အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရခဲ့ပြီး သုံးမှတ်ရသည့် Black Pearl အကယ်ဒမီအသင်းနှင့် ရမှတ်မရသည့် M2K အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းနှင့် မြန်မာကလပ် YRG အသင်း၊ မြန်မာကလပ် နှစ်သင်းဖြစ်သည့် MIU အသင်းနှင့် YCDC Dream Team အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့အခြေခံပညာအထက်တန်းကျောင်း(ရွှေမြို့)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း (သပြေချောင်း)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေကြည်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်များ လှူဒါန်း

**ရေကြည် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ရေကြည်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်နေသည့် ဒေသများအနက် အင်းလှျာကုန်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ထောက်ပံ့လှူဒါန်းရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျုံပျော်ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ရေကြည်မြို့နယ် လဝကဦးစီးမှူးနှင့်တာဝန်ရှိသူများက အင်းလှျာကုန်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်၍ ခေါက်ဆွဲခြောက်ဖာများ၊ ရေသန့်ကတ်များ၊ Royal-D ကတ်များ၊ ကော်ဖီမစ်ထုပ်များကို ကျေးရွာရှိ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၃၁၈ ဦးတို့အတွက် လက်ဝယ်အရောက် သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားခဲ့သည်။

### အရှိန်အဟုန်မြှင့် ဆောင်ရွက်

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် Porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင် (၁၁/၅)မှတာမိုင်(၁၁/၇)ကြားဆည်မြောင်းတာ အပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ် သဲအိတ်ချခြင်းနှင့် ရေလမ်းသောင်တူးခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်၌ အင်တိုင်း-ကင်းရွာ-သပြေပင်-ဆင်တွင်း ကျောင်းကုန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရမည်းသင်း စက်တင်ဘာ ၈**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ အင်တိုင်း-ကင်းရွာ-သပြေပင်-ဆင်တွင်း ကျောင်းကုန်းလမ်းပိုင်း ကျောက်ချောလမ်း ဆောင်ရွက်နေမှုကို ခရိုင်/မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အင်တိုင်း-ကင်းရွာ-သပြေပင်-ဆင်တွင်း ကျောင်းကုန်းလမ်းပိုင်း လမ်းအရှည် (၀/၄)မိုင် ကျောက်ချော လမ်းခင်းခြင်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၄၂ ဒသမ ၄၈၀ သန်းဖြင့် ရွှေယုန်ဦးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ရမည်းသင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သတ်မှတ်အတိုင်းအတာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ် ဘဏ္ဍာနှစ်အတွင်း အချိန်မီ ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မကွေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မကွေး စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မျိုးဇော် ကွင်းဆင်းကြည့်ရှုသည်။



### ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် Ten Ten Myanmar ကုမ္ပဏီက ရန်ပုံငွေကျပ် ၄၃၂ ဒသမ ၄၄ သန်းဖြင့် တင်ဒါအောင်မြင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မကွေး-ရေနံချောင်းလမ်းမှ ကံသစ်ကျေးရွာဆက်သွယ်သောလမ်း (၀/၄.၃) မိုင် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အလျား ၄ ဒသမ ၃ ဖာလုံ၊ လူသွားလမ်းအကျယ် ၁၄ ပေဖြစ်ပြီး ယခုအခါလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကာ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ငါးရွာမှ အိမ်ထောင်စု ၁၃၅၄ စု၊ အိမ်ခြေ ၁၂၅၃ အိမ်၊ လူဦးရေ ၅၃၀၉ ဦးတို့၏ စိုက်ပျိုးဧက ၈၈၄ ဒသမ ၃၁ ဧကအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# တရုတ်နိုင်ငံ၌ ကမ္ဘာလုံးဆိုင်ရာ ဒီဂျစ်တယ်ကုန်သွယ်ရေးပြပွဲကျင်းပမည်




**ပေကျင်း စက်တင်ဘာ ၈**

(၅)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဒီဂျစ်တယ်ကုန်သွယ်ရေးပြပွဲကို တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ် မြို့တော်ဟန်ဖူး၌ စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာကို အထူးပြုပြသမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ဉာဏ်ရည်တုနည်းပညာ အပလီကေးရှင်းများ၊ တီထွင်ဆန်းသစ်မှုရှိသည့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဂေဟစနစ်နှင့် စက်မှုလုပ်ငန်းသုံးအပလီကေးရှင်းများကို ပြသမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးယန်ဒေါင်က ပြောကြားသည်။

ပြပွဲ၏ပြင်ပတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပြိုင်ပွဲများကိုလည်း ကျင်းပမည်ဟု သိရသည်။ အဆိုပါပြပွဲတွင် နိုင်ငံတကာမှ ဝင်ရောက်ပြသသူ ၂၀ ရာခိုင်နှုန်းရှိပြီး ဟန်ဂေရီနှင့် မလေးရှားတို့က ဂုဏ်ထူးဆောင်ဧည့်နိုင်ငံများအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ကာ နိုင်ငံနှင့် ဒေသပေါင်း ၁၂၁ ခုနှင့် နိုင်ငံတကာအဖွဲ့အစည်း ၂၉ ခုတို့ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် လက်ရှိအချိန်အထိ ဝယ်ယူသူ ၄၀၀၀၀ ကို ဆွဲဆောင်နိုင်ခဲ့ပြီး နိုင်ငံတကာဝယ်ယူမှုတန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၉၇၇ သန်းအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဒီဂျစ်တယ်နည်းပညာဖြင့် ပို့ဆောင်နိုင်သော ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုဝေစုအနေဖြင့် ၂၀၂၉ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းကျော်နှင့် ၂၀၃၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းကျော် ရောက်ရှိလာမည်ဟု မျှော်လင့်ထားကြောင်း ဒီဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ လမ်းညွှန်ချက်တစ်ရပ်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၌ ဒရုန်းနည်းပညာဖွံ့ဖြိုးရေး အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲဆောင်ရွက်



**ကိုလံဘို စက်တင်ဘာ ၈**

သီရိလင်္ကာနိုင်ငံတွင် ဒရုန်းနည်းပညာဖွံ့ဖြိုးရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာတစ်ရပ် ရေးဆွဲဆောင်ရွက်နေကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်း စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများတွင် ဒရုန်းနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာသဖြင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်။ ဒရုန်းယာဉ်ထုတ်လုပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်တွေ့အသုံးပြုရေးဆိုင်ရာ လုပ်ငန်းမူဘောင်တစ်ရပ် တည်ထောင်နိုင်ရန် တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများအကြား ဆွေးနွေးဆောင်ရွက်နေကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ စက်မှုလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် သုံးစွဲမည့် ဒရုန်းယာဉ်များ ထုတ်လုပ်ခြင်းနှင့် ဘေးကင်းရေးအတွက် အမျိုးသားအဆင့် စံချိန်စံညွှန်းများအား သတ်မှတ်မည်ဖြစ်သည်။

ဒရုန်းယာဉ်စမ်းသပ်မှုနှင့် အရည်အသွေးထိန်းချုပ်မှုအတွက် ဓာတ်ခွဲခန်းများကိုလည်း ထားရှိမည်ဖြစ်ပြီး ဒရုန်းယာဉ်ဆိုင်ရာ သုတေသန၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားဖြစ်ထုတ်လုပ်ရေးအတွက် အခွင့်အလမ်းများကို စူးစမ်းလေ့လာမည်ဖြစ်သည်။

ဒရုန်းယာဉ်ဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်သည့် ဥပဒေနှင့် မူဝါဒဆိုင်ရာ အတားအဆီးများကိုဖြေရှင်းရန် အစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ပထမဆုံး နယ်စပ်ဖြတ်ကျော်မြစ်ကူးတံတား ဖွင့်လှစ်

**မော်စကို စက်တင်ဘာ ၈**

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ပထမဆုံး နယ်စပ်ဖြတ်ကျော်မြစ်ကူးတံတားကို စက်တင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်များဖြတ်သန်းနိုင်မည့် အဆိုပါတံတားသည် တူမန်ဂန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။ မိမိတို့နှစ်နိုင်ငံအနေဖြင့် ထောက်ပံ့ပို့ဆောင်ရေးစွမ်းရည်များမြှင့်တင်ရန်နှင့် အရှေ့ဖျားဒေသတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် ထုတ်လုပ်မှုစွမ်းရည်ခိုင်မာစေရန် အခွင့်အလမ်းအသစ်များကို ဖန်တီးနေကြောင်း ရုရှားဝန်ကြီးချုပ် မီခေးလ် မီရှူစတင်က ပြောကြားသည်။

ယခုတံတားပြီးစီးမှုသည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တောက်ပသောအလားအလာကို ယူဆောင်လာမည့် အရေးပါသောဖြစ်ရပ်တစ်ခုဖြစ်ကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် အရှိန်အဟုန်သစ်များ ပေးစွမ်းနိုင်ကြောင်း မြောက်ကိုရီးယားဝန်ကြီးချုပ် ပတ်သဲဆောင်က ပြောကြားသည်။

အဆိုပါတံတားဖွင့်ပွဲအတွင်း ထရပ်ကားများသည် တံတားပေါ်တွင် နှစ်နိုင်ငံအလံများ လွှင့်ထူ၍သွားလာခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**



# မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဉာဏ်ရည်တုနည်းပညာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်



**ကွာလာလမ်ပူ စက်တင်ဘာ ၈**

မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နေကြောင်း မလေးရှားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး ဖတ်မီဖဇေးက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံအကြား ဉာဏ်ရည်တုနည်းပညာသုံးစွဲမှု မြှင့်တင်ရေးနှင့် အလုပ်အကိုင်များ ဖန်တီးပေးရေးတို့အတွက် ရည်မှန်းဆောင်ရွက်နေကြောင်း သိရသည်။ ဆိုးရွားသောရာသီဥတုအခြေအနေများရှိသည့် မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဉာဏ်ရည်တုနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း မလေးရှားနိုင်ငံတွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ ညီလာခံတွင် ၎င်းက ပြောကြားသည်။

တရုတ်နည်းပညာလုပ်ငန်း ဟွာဝေး၏ မလေးရှားနိုင်ငံတွင် AI ပညာရှင် ၃၀၀၀၀ ကို ပြုစုပျိုးထောင်ရန်နှင့် နည်းပညာလွှဲပြောင်းမှုနှင့် cloud နှင့် AI ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် လာမည့်သုံးနှစ်အတွင်း ဒေသခံ AI ပညာရှင်၂၀၀ ကို ပျိုးထောင်မည့် အစီအစဉ်ကို ကြိုဆိုကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အမြဲပွင့်လင်းစွာကြိုဆိုခဲ့ပြီး တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော AI ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးလျက်ရှိကြောင်း မလေးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ် Ouyang Yujing က ပြောကြားသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အမေရိကန်က ကျူးဘားနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် စီးပွားရေးအရ ကန်ဒေါ်လာ ရှစ်ဘီလီယံကျော် ထိခိုက်မှုရှိ

**ဟာဗားနား စက်တင်ဘာ ၈**

အမေရိကန်၏ ကျူးဘားနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှု တိုးမြှင့်လိုက်ခြင်းကြောင့် နိုင်ငံအတွင်း ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၈၃ ဘီလီယံ စီးပွားရေးဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့ပြီး ၎င်းပမာဏသည် ယခင်နှစ်ကထက် ခုနစ်ရာခိုင်နှုန်းပိုများခဲ့ကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီဂွက်ဇ်က ပြောကြားသည်။

ကျူးဘားသည် အမေရိကန်၏ ကုန်သွယ်ရေးပိတ်ဆို့မှုကို ဆယ်စုနှစ် ခြောက်ခုကျော် ခံခဲ့ရကြောင်း သိရသည်။ အမေရိကန်အစိုးရသည် ကျူးဘားနိုင်ငံသို့ ရေနံတင်ပို့နေသည့် ရေနံတင်သင်္ဘောများနှင့် သင်္ဘောလိုင်းများကို လည်ပတ်နေသောကုမ္ပဏီများအပေါ် ပိတ်ဆို့မှုများပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီး ကျူးဘားနိုင်ငံသို့ လောင်စာဆီထောက်ပံ့မှုကို ပိတ်ပင်ခဲ့ရာ ယခုကဲ့သို့ အမေရိကန်က ပိတ်ဆို့မှုများဆောင်ရွက်ခြင်းဖြင့် ကျူးဘားနိုင်ငံသားများ၏ နေ့စဉ်ဘဝကို ထိခိုက်စေသည်ဟု ၎င်းကပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း - ဖာပွန်သွားလမ်းကြောင်းအား နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်

**နေပြည်တော် စက်တင်ဘာ ၈**

တပ်မတော်စစ်ကြောင်းများက NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း- ဖာပွန်သွား လမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ပြည်သူလူထုအတွက် မငဲ့ကွက်ဘဲ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဒေသတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည် စီးဆင်းမှုများ ပြတ်တောက်စေရန် ရည်ရွယ်၍ ကမမောင်း-ဖာပွန်သွား ကားလမ်းမကြီးအား ထိန်းချုပ်နိုင်ရန်အတွက် လမ်းကြောင်း တစ်လျှောက်၌ လုံခြုံရေး ဆောင်ရွက်နေသော တပ်စခန်းငယ်များအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ အင်အားအလုံးအရင်းဖြင့် Drone များ၊ လက်နက်ကြီးများ အသုံးပြုကာ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်များဖြင့် အကောင်းဆုံးကြံ့ကြံ့ခံ ခုခံခဲ့ကြသော်လည်း အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အင်အားများ အဆက်မပြတ် ဖြည့်တင်းကာ ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါဒေသရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်အတွက် စစ်နည်းဗျူဟာမြောက် ယာယီဆုတ်ခွာပေးခဲ့ရသဖြင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကမမောင်း-ဖာပွန်သွား ကားလမ်းမကြီးအား ယာယီစိုးမိုးထိန်းချုပ်ခဲ့ပြီး အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။

KNU၊ KNLA အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည် အဆိုပါလမ်းကြောင်း တစ်လျှောက်အား ယာယီစိုးမိုးထားစဉ် အတွင်း လမ်းကြောင်း တစ်လျှောက်ဖြတ်သန်း သွားလာနေသော ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများ အဆမတန် ကောက်ခံခြင်း၊ ကုန်ပစ္စည်းများကို လုယက်ယူဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် စစ်ရေးပစ်မှတ်မဟုတ်သော ရေပူတံတား၊ မိုင် ၄၀ တံတား၊ ကညင်ဒုံတံတားတို့အပါအဝင် လမ်း၊တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မြေဖြတ်ကျင်းများ တူး၍ အတားအဆီးပြုလုပ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်းခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်များ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများ နှောင့်နှေး၍ ဒေသတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့ရသည်။ ထို့ပြင် ခရီးသွားလာမှု ကန့်သတ်လာခြင်းနှင့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ လမ်းကြောင်းပိတ်ဆို့မှုများကြောင့် အဆိုပါဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတွင် အဟန့်အတားများဖြစ်ပေါ်မှုနှင့် စီးပွားရေးကျဆင်းလာမှုတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တဖြည်းဖြည်း ချွတ်ခြုံကျဆင်းလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါလမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပြန်လည် ဖော်ဆောင်ပေးနိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက ကမမောင်းမြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး မေ ၅ ရက်မှ စတင်၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြရာ မေ ၈ ရက်တွင် ကျောက်ကွင်းလေးကျေးရွာအား လည်းကောင်း၊ မေ ၁၀ ရက်တွင် ဝက်သိုးခိုကျေးရွာနှင့် မီဇိုင်းချောင်းဖျားကျေးရွာတို့အားလည်းကောင်း၊ မေ ၁၆ ရက်တွင် နေကကျေးရွာအား လည်းကောင်း၊ မေ ၁၈ ရက်တွင် ရေပူကျေးရွာအား လည်းကောင်း၊ မေ ၂၄ ရက်တွင် မိုင် ၄၀ ကျေးရွာအား လည်းကောင်း၊ မေ ၃၁ ရက်တွင် နိုခဲဒိုကျေးရွာနှင့် ဘောကျို့ထကျေးရွာတို့အား လည်းကောင်း၊ ဇွန် ၃ ရက်တွင် ကတိုင်တိကျေးရွာအား လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ဘောကြို့လယ်ကျေးရွာအား လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် ရှမ်းရွာကျေးရွာအား လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် တောင်သူစုကျေးရွာအား လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ဖာလုံလေးကျေးရွာအား လည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ကမမောင်း - ဖာပွန်လမ်းကြောင်း ပေါ်ရှိ မိုင်တိုင်အမှတ်၊ (၂၈/၅)မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာအား လည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

ထိုသို့ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၅၆ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စီး၊ မိုင်းမျိုးစုံ ၂၄၃ လုံး၊ လမ်းလျှောက်စကားပြောစက်များ၊ အသုံးအဆောင်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း အကြမ်းဖက်

စာမျက်နှာ ၁၅ သို့ ❖



တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထိန်းချုပ်ထားသည့် ကမမောင်း – ဖာပွန်လမ်းကြောင်းအား နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှု။



ကညင်ဒုံတံတား တည်ဆောက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကညင်ဒုံတံတား ပျက်စီးနေမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကမမောင်း – ဖာပွန်လမ်းကြောင်းရှိ ဘောကျို့လယ်ဘုရားကုန်းအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ရေပူတံတား ပျက်စီးနေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရေပူတံတား ကြမ်းခင်း ခင်းကျင်းနေသည့် မှတ်တမ်းဓာတ်ပုံ။

❖ စာမျက်နှာ ၁၄ မှ
သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားများအား စစ်မြေပြင်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ရာ ရေပူတံတားအား ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်တွင်လည်းကောင်း၊ မိုင် ၄၀ တံတားအား ဇွန် ၂၄ ရက်တွင်လည်းကောင်း၊ ကညင်ဒုံတံတားအား ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း ပြန်လည်ပြုပြင်ဆောက်လုပ် ပြီးစီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ အဆိုပါ လမ်း၊ တံတားများပေါ်တွင် ပုံမှန်အတိုင်း ဖြတ်သန်း သွားလာနိုင်ပြီဖြစ်သည်။



တပ်မတော်စစ်ကြောင်းများက ကမမောင်း – ဖာပွန် လမ်းကြောင်းရှိ ဘောကျိုထကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများ အနေဖြင့် ကမမောင်း – ဖာပွန် လမ်းကြောင်းရှိ ကျန်ရှိနေသည့် ဖာလုံကြီး – ဖာပွန် လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို ချွတ်ခြုံကျစေသည့် အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် စက်တင်ဘာ ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ–ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသား သုံးဦး၊ ယူဂန်ဒါ နိုင်ငံသား သုံးဦးနှင့် ရဝမ်ဒါနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၂ ဦးတို့အား မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကွက်သစ်ရပ်ကွက် ရန်ကုန်–ပြည်လမ်း အောင်သိဒ္ဓိ စေတီတော်ဝင်းအတွင်း၌ သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲစိုး ဦးဆောင်ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ သာယာဝတီမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်တင်ဌွေးနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင် (ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၅ ရက်တွင် ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှနိုင်နှင့် ခရိုင်ပြည်သူ့ဆေးရုံအုပ်၊ ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းသန္တာဖြူတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်ဝင်း(ကလော)

**✻ AFC မှ**

ရန်ကုန်ယူနိုက်တက်အသင်းသည် ပြည်တွင်းလိဂ်ပွဲတွင် အသုံးပြုခဲ့သည့် ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်လာပြီး ဒေးဗစ်ထန်၊ မောင်မောင်လွင်၊ သန်းပိုင်၊ ဇော်ဝင်းသိန်းစသည့် ပြည်တွင်းကစားသမားများကို နိုင်ငံခြားသားကစားသမားများနှင့် တွဲဖက်အသုံးပြုခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပိုဖိကစားနိုင်သော်လည်း တိုက်စစ်တွင် လိုအပ်ချက်များနေသဖြင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရရန် ပိုအားထည့်လာပြီး ၆၂ မိနစ်တွင် မောင်မောင်လွင်၏ ဖြတ်တင်ဘောမှတစ်ဆင့် မူစတာဖာက ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၇၁ မိနစ်တွင် သန်းပိုင်က ဒုတိယဂိုးထပ်သွင်းခဲ့သည်။ မိနစ် ၈၀ တွင် ဖိုသာဇောင်က Ezra အသင်းအတွက် ပင်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်သွင်းသဖြင့် လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိလာသော်လည်း ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရလဒ်ထိန်းကစားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်သဖြင့် အရှေ့အာရှဇုန် အုပ်စု (D) သို့ ကျရောက်ခဲ့ပြီး အင်ဒိုနီးရှားကလပ် ဘော်နီယို၊ ဖိလစ်ပိုင်ကလပ် One Taguig အသင်း၊ တရုတ်တိုင်ပေကလပ် တိုင်နန်စီးတီးအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**ကိုညီလေး**



ရန်ကုန်ယူနိုက်တက်အသင်းနှင့် Ezra အသင်း ယှဉ်ပြိုင်နေစဉ်။

**● ပဲရစ်အက်ဖ်စီမှ**

ပဲရစ်အက်ဖ်စီအသင်းဟာ မာဆေးလ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်ပထမတန်းပွဲစဉ်(၃)ယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးက မိုနာကိုအသင်းနဲ့ နှစ်မှတ်အကွာ အမှတ်ပေးဇယားအဆင့် (၂)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ မာဆေးလ်အသင်းကတော့ ပဲရစ်အက်ဖ်စီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ်(၃)အပြီးမှာ ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲအမှတ်ပေးဇယားအဆင့်(၁၁)နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်


အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေး အခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (µm) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station-AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဩဂုတ်လအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၇ ရက်၊ အသင့်အတင့်အဆင့်၌ ၄ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ($PM_{2.5}$)မှာ ဩဂုတ်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန်(ကမ္ဘာအေး)၏ လေထုအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေထုအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေး အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်း ကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

## ဖီဖာ လူမှုအကျိုးပြုကော်မတီ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ ဖီဖာလူမှုအကျိုးပြုကော်မတီ (FIFA Football Social Responsibility Committee) ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) လူမှုအကျိုးပြုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ဒုတိယဥက္ကဋ္ဌ အာဂျင်တီးနားဂန္ထဝင်ကစားသမား ဂျာဗီးယားဇနက်တီနှင့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကို ရေရှည်တည်တံ့ရေး၊ လူ့အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး အစီအစဉ်များနှင့်အတူ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို၊ အထွေထွေအတွင်းရေးမှူး မက်တီးယပ်စ် ဂရပ်ဖ်စထရမ်း၊ ဖီဖာကောင်စီဝင်များနှင့် ဖီဖာအဖွဲ့သားများအားလုံးကို ဂုဏ်ပြုချီးကျူးခဲ့သည်။

ထို့ပြင် ဥက္ကဋ္ဌ ဦးဇော်ဇော်က နိုင်ငံတကာမသန်စွမ်းသူများအား အားပေးမြှင့်တင်သည့် အစီအစဉ်များကို ရေရှည်တည်တံ့စွာ ဆက်လက်ဆောင်ရွက်သွားရန်၊ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး (Child Safeguarding) လုပ်ငန်းများကို ဆက်လက်အားဖြည့်သွားရန်နှင့် အမျိုးသမီးဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အားပေးသွားရန် တိုက်တွန်းခဲ့သည်။ အထူးသဖြင့် Football for Schools အစီအစဉ်ကို ရေရှည်တည်တံ့သည့်ပုံစံဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားရန်နှင့် အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ ကလေးငယ်များ ဘောလုံးအားကစားနှင့် ပညာရေးအခွင့်အလမ်းများ ရရှိနိုင်ရေးကို ဆက်လက်ပံ့ပိုးပေးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

**ချစ်ကိုကို**

## ကျိုင်းတုံမြို့၌ သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်စစ်ဆေးကုသပေးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျိုင်းတုံ စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ သားအိမ်ခေါင်းကင်ဆာအကြိုအဆင့် စစ်ဆေးကုသပေးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၇ ရက်က ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာနီနီခိုင်က သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေး ကုသပေးခြင်းဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်၊ ခရိုင်ဦးစီးမှူး ဒေါက်တာအိအိဝင်း၊ ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရပ်၊ ရွာလူထုအတွင်းရှိ အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးကုသပေးမည့်လုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး သတင်းပေး အကြောင်းကြားဆောင်ရွက်မည့် အစီအစဉ်များ၊ သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး လွှမ်းခြုံမှုရှိစေရေး ပြည်သူလူထုအခြေပြု၊ ကျောင်းအခြေပြုထိုးနှံခြင်း အစီအစဉ်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးရှိ သားဖွားမီးယပ်ကုသဆောင်တွင် ပြည်သူများအား သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်(အခမဲ့)စစ်ဆေးကုသပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၇၆-A/ ဗိုလ်ချုပ်ရွာမကွင်း)၊ ဦးပိုင်အမှတ်(၁၄/ခ)၊ ဧရိယာ (၀.၁၅)ဧက အကျယ်ရှိ ဒေါ်နွယ်နွယ်ဦး အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ Maryar (ဘ)ဦးရန်ကရား [၁၂/သလန(ပြု) ၀၀၄၃၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁) ဒေါ်ချယ်ရီချစ် (ဘ) ဦးကရင်(ခ)ဦးချစ်မောင် [၁၂/ပဘတ(နိုင်) ၀၂၉၀၇၈]၊ (၂) ဒေါ်ယွန်းဝတီစိုး (ဘ) ဦးတင်စိုး [၁၂/တမန(နိုင်) ၁၃၈၄၆၇]၊ (၃) မောင်ဝေယံမင်းစိုး (ဘ) ဦးတင်စိုး [၁၂/တမန(နိုင်) ၁၄၃၃၃၁]၊ (၄)မသွန်းဝတီစိုး (ဘ) ဦးတင်စိုးတို့ (၄)ဦးက ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL.B,DBL,DIPL,DIL)** | **(LL.B,DIPL)** | **(LL.B, DBL)** |
| **(စဉ်- ၁၄၆၆၈)** | **(စဉ်- ၁၈၇၂၆)** | **(စဉ်- ၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး- အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၃၀၇)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၂၀

ကွယ်လွန်သူများဖြစ်သော E.C Patail (အီဗရာဟင်ကာစင်ပတေးလ်)၊ I.C Patail(အစ္စမေးလ် ကာစင်ပတေးလ်)၊ M.C Patail (မိုဟာမက်ကာစင်ပတေးလ်)၊ S.C Patail (ဆာလေးကာစင်ပတေးလ်)တို့ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

၁။ ဒေါ်ဖာတမာဘီဘီ
၂။ ဒေါ်ရှယ်လီပတေး
၃။ ဒေါ်အရှာဘီ
၄။ ဒေါ်ဟမ်ဖဆာ
၅။ ဦးရာကွတ်ပတေးလ်
၆။ ဒေါ်ခင်စပါယ် (ကိုယ်တိုင်နှင့် ၁ မှ ၅ အထိ လျှောက်ထားသူတို့၏အခွင့်ရကိုယ်စားလှယ်)
၇။ ဦးမာမွတ် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးစိုးမင်း)
၈။ ဒေါ်မေရီရာမ်ဘီ
၉။ ဦးဟာဆန်(ခ)ဟံသိန်း
၁၀။ ဒေါ်ရာမက်(ခ)ဒေါ်ယုဇနသိန်း
၁၁။ ဒေါ်စကီနာ(ခ)ဒေါ်ဖြူဖြူသိန်း
၁၂။ ဦးကိုကြီး
၁၃။ ဦးကိုလေး
၁၄။ ဦးအီဘရာဟင်(ခ)အီဘရာဟင်ပတေး(ခ) ဦးစိုးဝင်း(ကိုယ်တိုင်နှင့် ၈ မှ ၁၃ ထိ လျှောက်ထားသူများ၏ အခွင့်ရကိုယ်စားလှယ်)
၁၅။ ဒေါ်ရိုစီပတေး
၁၆။ ဒေါ်အမီနာပတေး
၁၇။ ဒေါ်ဟာဂျရာပတေး(ခ)ဒေါ်အေးအေးခိုင် (၁၅ မှ ၁၇ ထိ လျှောက်ထားသူများ၏ အခွင့်ရကိုယ်စားလှယ် ဦးသူရအောင်)

**လျှောက်ထားသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ ၃၃ လမ်း၊ အမှတ်-၁၄၁/၁၅၉ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်- ၂၉၉/၃၀၃ တို့တွင် နေထိုင်ခဲ့သော ကွယ်လွန်သူများ E.C Patail (အီဗရာဟင်ကာစင်ပတေးလ်)၊ I.C Patail (အစ္စမေးလ်ကာစင်ပတေးလ်)၊ M.C Patail (မိုဟာမက်ကာစင်ပတေးလ်)၊ S.C Patail (ဆာလေးကာစင်ပတေးလ်)တို့၏ အမွေထိန်းစာလက်မှတ် လက်မှတ်ရရှိသူလျှောက်ထားသူ (၆)ကိုယ်တိုင်နှင့် လျှောက်ထားသူ (၁)မှ (၅)ထိ ကိုယ်စားလှယ်စာရသူ ဒေါ်ခင်စပါယ်၊ လျှောက်ထားသူ(၇)၏ ကိုယ်စားလှယ်စာရသူ ဦးစိုးမင်း၊ လျှောက်ထားသူ (၁၄)ကိုယ်တိုင်နှင့် လျှောက်ထားသူ (၈)မှ (၁၃)ထိ ကိုယ်စားလှယ်စာရသူ ဦးအီဘရာဟင်(ခ) အီဘရာဟင်ပတေး(ခ) ဦးစိုးဝင်း၊ လျှောက်ထားသူအမှတ်စဉ် (၁၅)မှ (၁၇)တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးသူရအောင်တို့က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၃ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် အီး ၃၊ မြေကွက်အမှတ် စတုတ္ထတန်းစားမြေ၊ အမှတ်- ၁(မြေပိုင်မြေ)၊ အမှတ်- ၁၄၁/၁၅၉ ဟု ခေါ်တွင်သည့် အကျယ်အဝန်း ၄၀ပေx ၄၀ပေ ရှိမြေကွက်နှင့် အဆောက်အဦ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၆ ဒီ ၃၊ မြေကွက်အမှတ်- Northern ½ ၊ ဒုတိယတန်းစား(၈)၊ အမှတ်- ၂၉၉/၃၀၃ (မြေပိုင်မြေ) ဟုခေါ်တွင်သည့် အကျယ်အဝန်း ၅၀ပေx ၆၀ပေရှိ မြေကွက်နှင့် အဆောက်အဦတို့နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စီမံခန့်ခွဲဆောင်ရွက်နိုင်ခွင့်ရလိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်) နံနက်(၁၀:၃၀)နာရီ၌ ကြားနာရန် ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူများဖြစ်သော E.C Patail (အီဗရာဟင်ကာစင်ပတေးလ်)၊ I.C Patail (အစ္စမေးလ်ကာစင်ပတေးလ်)၊ M.C Patail (မိုဟာမက်ကာစင်ပတေးလ်)၊ S.C Patail (ဆာလေးကာစင်ပတေးလ်)တို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ် တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်၍ ခိုင်လုံသော အထောက်အထားများ တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ပျက်ကွက်လျှင် တရားရုံးက လျှောက်ထားသူများဖြစ်သော လျှောက်ထားသူ(၆) ကိုယ်တိုင်နှင့် လျှောက်ထားသူ (၁)မှ (၅)ထိ ကိုယ်စားလှယ်စာရသူ ဒေါ်ခင်စပါယ်၊ လျှောက်ထားသူ(၇)၏ကိုယ်စားလှယ်စာရသူ ဦးစိုးမင်း၊ လျှောက်ထားသူ (၁၄)ကိုယ်တိုင်နှင့် လျှောက်ထားသူ (၈)မှ (၁၃)ထိ ကိုယ်စားလှယ်စာရသူ ဦးအီဘရာဟင်(ခ) အီဘရာဟင်ပတေး(ခ) ဦးစိုးဝင်း၊ လျှောက်ထားသူအမှတ်စဉ် (၁၅)မှ (၁၇)တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးသူရအောင်တို့၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသူဇာဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

**အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် ကျောင်းသား/သူဟောင်းများအသင်းဖွဲ့စည်းမည်**

အ.ထ.က(၁) ဒဂုံ ကျောင်းသား/သူဟောင်းများအသင်းအား ဖွဲ့စည်းမည်ဖြစ်ပါ၍ ကျောင်းတက်ရောက်ခဲ့သော စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်နိုင်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်-

(၁) ဒေါ်အေးမြသီတာ(2000) 09-254346681
(၂) ဒေါ်နီလာအေး (1979) 09-421758006
(၃) ဒေါ်ခင်ငုဝါဝါလှိုင် (1996) 09-765192417

**အ.ထ.က(၁)ဒဂုံ**
**ကျောင်းသား/သူဟောင်းများအသင်းဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၈၇၇/ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသီဟ [၁၂/ရကန(နိုင်) ၀၀၃၃၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၆-၉-၂၀၂၆ )ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင် (စဉ်- ၁၉၃၁၉)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း - ၀၉-၄၂၃၆၅၄၀၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/မြောက်)၊ မြေကွက်အမှတ် (၂၇၆/က)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၂၇၆/က)၊ မြို့မ(၁၁)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းရွှေ (MME- ၄၇၉၆၅၄) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဦးသန်းရွှေ (ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- ၉၁၈/၂၀၀၉ (၂၃-၃-၂၀၀၉) အရ ပိုင်ဆိုင်သူ/ဇနီးဖြစ်သူ ဒေါ်လုံး (မိခင်)ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးစိုးမြင့် [၁၂/သကတ(နိုင်) ၁၇၂၇၀၈]၊ ဒေါ်ဟီးစိ [၁၂/သကတ(နိုင်) ၁၇၂၇၀၇]၊ ဒေါ်ဂျီဟိန်း [၁၂/သကတ(နိုင်) ၁၇၂၇၀၆]၊ ဦးအောင်အောင် [၁၂/သကတ(နိုင်) ၁၃၈၁၅၄]၊ ဒေါ်ထိုက်ဇာဆန်း [၁၂/သကတ(နိုင်) ၁၃၈၁၅၅]တို့မှ မိမိတို့ကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးသန်းရွှေ(ဖခင်)၏ သေစာရင်းသွင်းမိတ္တူမှန်၊ ဒေါ်လုံး (မိခင်)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် ဦးဟိန်းနိုင် (ဘ)ဦးဝင်းနိုင် [၁၄/လပတ(နိုင်)၁၅၀၁၅၄၂]နှင့် ဒေါ်ဖြိုးစန္ဒာ (ဘ)ဦးထွန်းရီ[၁၂/အစန(နိုင်) ၂၄၄၅၃၀]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၇-၉-၂၀၂၆)ရက်နေ့တွင် နှစ်ဖက်ဂုဏ်သရေရှိ အသိသက်သေ လူကြီးများရှေ့မှောက်တွင် အသီးသီးဆန္ဒဖော်ထုတ်၍ မှတ်တမ်းတင်ခဲ့ကြပါသည်။ ထိုသို့မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းကိစ္စကို အထောက်အထားရရှိစေရန် အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်း၊ ကွာရှင်းပြီးနောက် ပစ္စည်းခွဲဝေမှုကို နှစ်ဦးသဘောတူပြုလုပ်ချုပ်ဆိုပြီး၍ ယနေ့မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်း မရှိတော့ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး ကိစ္စအဝဝတို့နှင့်ပတ်သက်၍ ဆက်စပ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းနိုင်နှင့်ဒေါ်ဖြိုးစန္ဒာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးမူ (LL.B)** | **ဦးကျော်ဇင်ထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၂၁၀)** |

**တိုက်(၉/၁၁)၊ အခန်း(၃၀၂/F)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၈၁၂၅၆၊ ၀၉-၄၂၃၄၉၉၇၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ် (၅၁)၊ ၇၂x၇၃ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကံထွန်း(ခ) တယ်ချမ်း [၁၃/သပန(နိုင်) ၁၀၁၆၅၈]က အမှုတွဲအမှတ် (၂၂၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၃)၊ ဦးပိုင်အမှတ် (၅၀)၊ ၁၁၄x၁၁၅ ကြား၊ ၇၂x၇၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကေသီမိုး [၁၃/လရန(နိုင်) ၁၀၆၃၀၇]က အမှုတွဲအမှတ် (၂၃၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၈)၊ ဦးပိုင်အမှတ်(၂)၊ ၆၂x၆၃ ကြား၊ ၁၃၅x ၁၃၆ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်သင်းသင်းရီ[၉/မခန(နိုင်) ၁၂၀၉၅၆]က အမှုတွဲအမှတ် (၂၂၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၉-၂၀၂၆ ရက်နေ့၊ ကြေးမုံသတင်းစာ၏ စာမျက်နှာ ကြော်ငြာ (၃၀) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိပ်စာတွင် ယင်းမာ(၁၀)လမ်းအစား ပင်းယလမ်းနှင့် ဒေါ်တင်တင်ဝင်း [၁၂/ဥကတ(နိုင်) ၀၇၇၅၇၇] အစား [၁၂/ဥကတ(နိုင်) ၀၇၇၅၅၇]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၅၄)၊ ဦးပိုင်အမှတ် (၆၅)ခဲစင်း၊ ၅၇x၅၈ ကြား၊ ၁၃၃x ၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးမြင့်၏ (GP ရရှိသူ ဦးသန်းထွန်းအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၃၅၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးမိခိုင် [၉/မကန(နိုင်) ၁၄၅၃၂၉]က အမှုတွဲအမှတ် (၂၂၁၅/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

ညောင်တုန်းမြို့နယ်၊ အ.ထ.က(ခွဲ) ပေစိကျောင်းမှ Grade-12 တွင် ပညာသင်ကြားနေသော မမိုးဝသန်၏ မိဘအမည်မှန်မှာ ဦးတင်အောင်ထွန်း [၁၄/ညတန (နိုင်) ၁၅၅၆၄၂]နှင့် ဒေါ်တင်ဇာဝင်း [၁၄/ညတန (နိုင်) ၁၂၃၆၁၀] ဖြစ်ပါကြောင်း။

**ဦးတင်အောင်ထွန်း -**
**ဒေါ်တင်ဇာဝင်း**

## ပျောက်ဆုံးကြောင်း

(အဖ) ဦးမြင့်သိန်းရွှေ၏ သမီး ဒေါ်သီတာသိန်း [၇/တငန (နိုင်) ၀၆၆၅၇၀]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးနိုင်ပါရန်။

**၀၉-၂၆၀၀၀၄၁၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ စောခွန်ရစ်လမ်း၊ မြေကွက်အမှတ် (၅၉၆) ရှိ ဦးသောင်းမြင့် (CE-၀၈၅၃၂၅) အမည်ပေါက် (အလျား ၄၀ ပေx အနံ ၆၀ ပေ) မြေကွက်အနက်မှ ခြေရင်းခြမ်း (အလျား ၂၀ပေ x အနံ ၆၀ပေ) မြေကွက်အား ယခုလက်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဥမ္မာခင် [၇/လပတ(နိုင်) ၀၀၁၃၅၉]မှ ရောင်းချမည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်ဆန္ဒရှိသဖြင့် ဤမြေကွက်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ ဖော်ပြပါ မြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှ ရက်သတ္တပတ် (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်ရန်မရှိက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးဆွေ LL.B, DBL, DIL, DAPsy**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၉၅)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၂)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၇၀၉၈၃၇၃၊ ၀၉-၄၅၁၂၃၈၁၆၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၉၈၊ မြေကွက်အမှတ်- ၃၄၊ အလျား (၈၀/၉၄.၆)ပေx အနံ(၁၈၄)ပေ အနက် တရားဝင်မခွဲမစိတ်ရသေးသော အလျား(၈၀/၉၃)ပေx အနံ (၉၇)ပေခန့်ရှိ မြေကွက်အမှတ်(၃၅)နှင့်ကပ်လျက်ရှိသော နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်စုရီ (D/RGN-၀၁၀၁၁၁) [၁၂/အစန(နိုင်) ၁၂၀၉၈၃]မှ အမည်ပေါက်ပြီး အရှုပ်အရှင်းကင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမ့်မြတ်သွယ် [၉/မကန(နိုင်) ၁၃၉၂၄၇]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အိသွယ်ငြိမ်း(LL.B)** | **ဒေါ်ဖြူဖြူလှိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်- ၅၁၃၁၇)** | **အထက်တန်းရှေ့နေ(စဉ်- ၅၇၀၆၁)** |

**အမှတ် (၅၁)၊ ဒုတိယထပ်(ဘယ်)၊ ၃၈ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၃၅၃၃၉၉၄၊ ၀၉- ၇၇၄၇၈၈၆၁၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်- ၆၇၅၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ (၁၂.၆ပေx၅၇ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်မွန်မွန်လတ် [၁၀/ကထန (နိုင်) ၀၈၁၄၆၁]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးချမ်းမြေ့ကျော် [၁၂/ဥကမ(နိုင်) ၁၈၅၈၇၁]နှင့် ဒေါ်အေးစိုးမွန် [၁၄/ငပတ(နိုင်)၁၆၈၄၃၂]တို့က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးချမ်းမြေ့ကျော် နှင့် ဒေါ်အေးစိုးမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံဘူတာကျေးရွာနေ ဦးခင်မောင်ဌေး [၁၂/တကန(နိုင်) ၀၈၂၄၉၁]နှင့် ဒေါ်ယဉ်နု [၁၂/တကန(နိုင်) ၀၈၂၄၂၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သမီးဖြစ်သူ ဒေါ်ဇင်နုနုဌေးသည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ကိုယ်စိတ်နှလုံးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မင်းဆွေ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၀၃၈၆)**
**အမှတ် (၄၄)၊ ပ-ထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၂၀၀၃၅၄၃၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၅)၊ ဦးပိုင်အမှတ်(၁၀-ဋ)၊ ၇၂လမ်း၊ ၃၁x၃၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းကြည်၏ (SP ရရှိသူ ဒေါ်အေးအေးသန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၅၂/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးဆန်းဝင်းလှိုင် [၉/သစန(နိုင်) ၀၁၉၅၆၅]က အမှုတွဲအမှတ်(၀၁၃၇/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးစိုးထွန်းနိုင်**

**(ညွှန်ကြားရေးမှူးချုပ်)**

**အသက်(၅၃)နှစ်**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ ဦးစိုးထွန်းနိုင် အသက်(၅၃)နှစ်သည် ၇-၉-၂၀၂၆ (တနင်္လာနေ့)၊ ညနေ ၆:၁၇ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဦးစိုးထွန်းနိုင် ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်နေ ဒေါ်နန္ဒာထွန်း၏ ခင်ပွန်း၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ ဖခင်သည် ထိုင်းနိုင်ငံ ဘန်ရွှန်ဂရက်ဆေးရုံကြီး၌ ၇-၉-၂၀၂၆ ရက် ၆:၁၇ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ**
**မွန်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/သမိုင်း)၊ မြေကွက်အမှတ်(၁၃)၊ ဧရိယာ(၀.၀၃၉)ဧက မြေကွက်တည်နေရာအမှတ်(၁၂)၊ ဦးဘဟန်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးကျော်သိန်း) အမည်ပေါက် A ရွာမြေ လ/န အိမ်ရာမြေ သတ်မှတ်မြေကွက်၏ အစိတ်အပိုင်း (၂၀ပေx၇၀ပေ)အား ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ်-၄၃၂/၂၀၁၈(၉-၇-၂၀၁၉) တရားမဇာရီမှုအမှတ်-၇၂/၂၀၂၂၊ (၇-၇-၂၀၂၅) အရောင်းအဝယ်စာချုပ် အမှတ်-၉၉၇၇/၂၀၂၅ (၂၄-၁၂-၂၀၂၅) ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်လှလှ(ခ) ချန်ဗီစိန် (အယ်လ်တီအေ-၀၀၆၇၉၇) [၁၂/မရက(နိုင်)၁၁၀၁၀၁]က တရားရုံးအနိုင်ဒီကရီ အထောက်အထား၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တစ်ဖက်သတ်မြေတိုင်းတာပေးပါရန်၊ မြေကွက်ခွဲ စိတ်ခွင့်ပြုပါရန်နှင့် ပေါ်ပေါက်လာသည့် ပြဿနာများကို တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း (၂၃-၁-၂၀၂၆)ရက်စွဲပါ ဝန်ခံကတိပြုစာတို့ကိုတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အောင်ချမ်းသာတိုးချဲ့-၂)၊ မြေကွက်အမှတ်(၃၁၀)အား ဦးညွှန့်ဝင်း [၁၂/လမတ(နိုင်)၀၀၄၀၁၂](ကွယ်လွန်)၏ဇနီးဖြစ်သူဒေါ်အေးအေးသန်းမှ မြေငှားပါမစ် ဆောင်ရွက်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားပါမစ်ထုတ်ပေးရေးဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**အသက်(၅၃)နှစ်**

ဒေါက်တာနန္ဒာထွန်း ၏ ချစ်လှစွာသော ခင်ပွန်း၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ ချစ်လှစွာသော ဖခင် ဦးစိုးထွန်းနိုင်သည် ၇-၉-၂၀၂၆ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Anch Asia Co.Ltd, Yangon.**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်နေ ဒေါ်နန္ဒာထွန်း၏ ခင်ပွန်း၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ ဖခင်သည် ထိုင်းနိုင်ငံ ဘန်ရွှန်ဂရက်ဆေးရုံကြီး၌ ၇-၉-၂၀၂၆ရက် ၆:၁၇ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ**
**အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက် (၅၃) နှစ်**

နေပြည်တော်နေ ဒေါ်နန္ဒာထွန်း၏ ခင်ပွန်း၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ဖခင်သည် ထိုင်းနိုင်ငံ ဘန်ရွှန်ဂရက်ဆေးရုံကြီးတွင် (၇-၉-၂၀၂၆)ရက် ညနေ (၆:၁၇)နာရီအချိန်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြညွန့် + ဒေါ်ခင်ဖြူ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက် (၅၃) နှစ်**

နေပြည်တော်နေ ဒေါ်နန္ဒာထွန်း၏ ခင်ပွန်း၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ဖခင်သည် ထိုင်းနိုင်ငံ ဘန်ရွှန်ဂရက်ဆေးရုံကြီးတွင် (၇-၉-၂၀၂၆)ရက် ညနေ (၆:၁၇)နာရီအချိန်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုဇော်ဝင်းညွန့်၊ ကိုသူရိန်လင်း၊ ကိုသန့်ဇော်လင်း၊ ကိုသက်ဖြိုးအောင်**

## ဒေါ်ကျင်ဟန်

**အသက်(၉၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၄၆) 2/B နေ (ဒေါက်တာ ဦးမောင်မောင်ပြေ)၏ ဇနီး၊ (ဦးဇာနည်ပြေ-ဒေါ်မြင့်မြင့်ကြည်)၊ (ဒေါ်သူဇာပြေ)၊ (ဦးဗန္ဓုလပြေ)-ဒေါ်စိုးစိုးရည်၊ ဒေါ်မူယာပြေ၊ ဦးထွန်းထွန်းပြေ-ဒေါ်အေးအေးမြင့်၊ ဦးကျော်စွာပြေ-ဒေါ်နန်းချိုချိုထွေးတို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၁ ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည် ၈-၉-၂၀၂၆ (အင်္ဂါနေ့) နံနက် ၇:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၈-၉-၂၀၂၆ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းစသည်တို့ကို ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှဝေပေးလိုပါသောကြောင့် ၁၄-၉-၂၀၂၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံတင့်

**(မြို့နယ်တရားသူကြီး-ငြိမ်း )**

**အသက် (၉၄) နှစ်**

အမ်းမြို့၊ ဈေးတောင်ရပ်ကွက်နေ (ဒေါ်ဝိုင်းတင်) ၏ခင်ပွန်း၊ ဦးတင်ရွှေ - ဒေါ်ခင်ခင်လှ၊ ဦးခင်မောင်ဝင်း - ဒေါ်ဖြူဖြူအောင်၊ (ဦးကျော်ဝင်း)-ဒေါ်ခင်ခင်မြ၊ ဦးဝင်းညွန့်-ဒေါ်အေးအေးမွန်၊ ဦးဝင်းနိုင်-ဒေါ်မိုးသီတာ၊ ဦးသိန်းဇော်-ဒေါ်ခင်ခင်မူ၊ ဒေါက်တာဝင်းမြင့်လေး-ဒေါ်သိန်းနု(ခ)မနုနု တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး (၁၆) ယောက်တို့၏အဘိုး၊ မြစ် (၇)ယောက်တို့၏အဖိုး ဦးစံတင့် အသက် (၉၄) နှစ်သည် ၈-၉-၂၀၂၆ ရက်(အင်္ဂါနေ့) ညနေ ၃:၂၅ မိနစ် အချိန်တွင် ဘဝတပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၂၆ ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

အမှတ် ၄/၄၆၊ ၉ လမ်း ရွှေကမ်းသာယာအိမ်ရာ၊ လှိုင်သာယာမြို့နယ်မှ ပို့ဆောင်မည့်ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစိုးထွန်းနိုင်**

**(ညွှန်ကြားရေးမှူးချုပ်)**

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ချမ်းမြေ့နန္ဒာလမ်း၊ အိမ်အမှတ် C-527(A)နေ (ဦးစိုးသန်း)(ငွေစာရင်းအရာရှိချုပ်-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်ခင်မြတို့၏ သားငယ်၊ ဦးအောင်စိုး(ညွှန်မှူး-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်သီတာထွန်းတို့၏ သားသမက်၊ ဦးရဲမြင့်နိုင်-ဒေါ်ယဉ်မျိုးသူ၊ ဦးစိုးနိုင်(ညွှန်မှူး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန)-ဒေါ်မင်းမင်းခိုင်တို့၏ ညီ၊ ဒေါ်ခင်လှိုင်မွန်၏ အစ်ကို၊ မောင်သစ်နိုင်အောင်၏ ဦးလေး၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါက်တာနန္ဒာထွန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၂၆(တနင်္လာနေ့) ညနေ ၆:၁၇ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်နေ ဒေါ်နန္ဒာထွန်း၏ ခင်ပွန်း၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ ဖခင်သည် ထိုင်းနိုင်ငံ ဘန်ရွှန်ဂရက်ဆေးရုံကြီး၌ ၇-၉-၂၀၂၆ရက် ၆:၁၇ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ**
**အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်နေ ဒေါ်နန္ဒာထွန်း၏ ခင်ပွန်း၊ မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ ဖခင်သည် ထိုင်းနိုင်ငံ ဘန်ရွှန်ဂရက် ဆေးရုံကြီး၌ ၇-၉-၂၀၂၆ ရက် ၆:၁၇ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတိုင်းဒေသကြီး**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၈-၉-၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၃၀)ပါ မြန်မာ့ရောင်ခြည်သစ် Co, Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ ထည့်သွင်းထားသော ဒေါ်ဆုမြတ်အောင်(တရားလွှတ်တော်ရှေ့နေ)၏ ကြေညာချက်တွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အစား အများသိစေရန် အသိပေးကြေညာချက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘဒ္ဒန္တတေဇောဘာသ**

**(သာသနဓဇဓမ္မာစရိယ)**

**စန်းသော်တာကျောင်းတိုက်၊ ဦးစီးပဓာနနာယကဆရာတော်**

## သိက္ခာတော်(၃၃)ဝါ၊ သက်တော်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စခန်းကြီးအုပ်စု သဒ္ဓမင်္ဂလာစန်းသော်တာကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသ(သာသနဓဇဓမ္မာစရိယ) သိက္ခာတော်(၃၃)ဝါ၊ သက်တော်(၅၃)နှစ်သည် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်) ၆-၉-၂၀၂၆(တနင်္ဂနွေနေ့) ညနေ ၄:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်) ၁၂-၉-၂၀၂၆ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် လှည်းကူးမြို့နယ် စခန်းကြီးသုသာန်သို့ ပို့ဆောင်ပြီးအန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးတပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအားလုံး သိစေရန် အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့်
ဒါယကာ၊ ဒါယိကာမများ

## ဦးခင်သိန်း

**အသက်(၉၁)နှစ်**

အမှတ်(၁၁)၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးခင်မောင်-ဒေါ်ငယ်)တို့၏ သား၊ (ဦးအီလျောင်-ဒေါ်နုနု)တို့၏ သားသမက်၊ ဒေါ်လှလှမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးချမ်းမြေ့ဦး-ဒေါ်ဆွေဇင်မြင့်၊ ဒေါ်နှင်းအေးပွင့်တို့၏ ချစ်လှစွာသော ဖခင်၊ မောင်လွင်ဘုန်းသန့်၏ ချစ်လှစွာသော အဘိုးဖြစ်သူ ဦးခင်သိန်း အသက်(၉၁)နှစ်သည် ၇-၉-၂၀၂၆ (တနင်္လာနေ့) ညနေ ၄ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လှ(ခ)ဦးတက်

**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၅၃)ရပ်ကွက်၊ ပုလဲငွေရောင်လမ်း၊ အမှတ်(၅၃၆/က)နေ (ဦးခင်မောင်)-ဒေါ်ခင်ထွေးတို့၏ သား၊ (ဦးတင့်မောင်-ဒေါ်အုံးကြင်)တို့၏ သားသမက်၊ ဦးခင်မောင်ဦး-ဒေါ်အေးအေးမာ၊ ဦးညီညီလတ်-ဒေါ်မေဝါမြင့်၊ ဦးစိုးမြင့်-ဒေါ်ဖြူဖြူဝင်းတို့၏ ညီ/အစ်ကို၊ ဒေါ်အေးအေးသွင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ထွန်းထွန်းလွင်-မလှဒါလီသွင်၊ မလှချယ်ရီသွင်တို့၏ မွေးသဖခင်သည် ၈-၉-၂၀၂၆(အင်္ဂါနေ့) နံနက် ၆:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၀-၉-၂၀၂၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၂၆(တနင်္လာနေ့)တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆွမ်းဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးထွန်းနိုင်**

**ညွှန်ကြားရေးမှူးချုပ်**

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၅၃)နှစ်**

နေပြည်တော်နေ ဒေါက်တာ ဒေါ်နန္ဒာထွန်း ၏ ခင်ပွန်း မဖူးသစ်ဦး၊ မောင်သန့်မင်းသစ်တို့၏ ဖခင်သည် ထိုင်းနိုင်ငံ ဘန်ရွှန်ဂရက်ဆေးရုံကြီး၌ ၇-၉-၂၀၂၆ ရက် ၆:၁၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဆရာ ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ရှိ၍ ခံစား စံစားနိုင်ပါစေ။

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊**
**ညွှန်ကြားရေးမှူးချုပ်ရုံးအဖွဲ့နှင့်**
**စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေး**
**ထိန်းသိမ်းရေးဌာနခွဲတို့မှ အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မကြေးမုံသွင်**

**အသက်(၄၁)နှစ်**

မကြေးမုံသွင်(BBA–Bachelor of Business Administration) Senior Manager, KanBawZa Bank Limited (HR Department) သည် ၅-၉-၂၀၂၆ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**MBA 24th Batch မှ အတန်းဖော်သူငယ်ချင်းများ**
**Monywa University of Economics**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။



ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❍

## AFC Challenge League ခြေစစ်ပွဲတွင် လာအိုကလပ်ကို အနိုင်ယူပြီး ရန်ကုန်ယူနိုက်တက်အသင်း ခြေစစ်ပွဲအောင်မြင်

ရန်ကုန် စက်တင်ဘာ ၈

၂၀၂၆-၂၀၂၇ ရာသီ AFC Challenge League ပြိုင်ပွဲ အရှေ့အာရှဇုန် ခြေစစ်ပွဲအဖြစ် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ စက်တင်ဘာ ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**ခြေစစ်ပွဲအောင်မြင်**

ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် လာအိုကလပ်ကို အနိုင်ယူကာ ခြေစစ်ပွဲအောင်မြင်ပြီး အာရှအဆင့် ကလပ်ပြိုင်ပွဲတွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ကာလအတန်ကြာ ပြည်ပကလပ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ရခြင်းမရှိသည့် အစဉ်အလာဆိုးကို ရပ်တန့်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့်ရာသီ AFC Challenge League ခြေစစ်ပွဲတွင် လာအိုကလပ် Ezra အသင်းကို အရေးနိမ့်ပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့သည့် ရှုံးကြွေးကို ယခုပွဲတွင် ပြန်ဆပ်နိုင်ခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

## ပဲရစ်အက်ဖ်စီအသင်းက မာဆေးလ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

မာဆေးလ်အသင်းနဲ့ ပဲရစ်အက်ဖ်စီအသင်းတို့ စက်တင်ဘာ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းဖလားပွဲစဉ်မှာ ပဲရစ်အက်ဖ်စီအသင်းက မာဆေးလ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။




မာဆေးလ်အသင်းနှင့် ပဲရစ်အက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရတဲ့ မာဆေးလ်အသင်းက ဂူယီရီရဲ့သွင်းဂိုးနှစ်ဂိုး ရရှိခဲ့ပြီး ပဲရစ်အက်ဖ်စီအသင်းအတွက် သွင်းဂိုးတွေကိုတော့ ဆီနာယိုကို တစ်ဦးတည်းကပဲ ပထမပိုင်းပွဲကစားချိန် တစ်မိနစ်၊ ၁၉ မိနစ်နဲ့ ဒုတိယပိုင်းပွဲကစားချိန် ၈၆ မိနစ်(ပင်နယ်တီ)တို့မှာ သွင်းဂိုးသုံးဂိုးစလုံး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ●

## နိုင်ငံတကာဖိတ်ခေါ် International Futsal Cup 2026 ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ MIU၊ YRG၊ YCDC Dream Team နှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်း တက်ရောက်

ရန်ကုန် စက်တင်ဘာ ၈

နိုင်ငံတကာ ဖိတ်ခေါ် International Futsal Cup 2026 ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ မြန်မာကလပ်များဖြစ်သည့် MIU၊ YRG၊ YCDC Dream Team အသင်း၊ အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ✻



အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းနှင့် မြန်မာကလပ် YCDC Dream Team အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ယနေ့ ဖတ်စရာ**

## တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းအား နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်၊ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်

စာမျက်နှာ » ၁၄



## M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

၂၀၂၆-၂၀၂၇ ရာသီ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များမှာ ဩဂုတ် ၁၆ ရက်တွင် ပြီးဆုံးပြီးနောက် တစ်လနီးပါးရပ်နားကာ ဒုတိယအကျော့ပွဲစဉ်များ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ YUSC ကွင်း၊ ဗဟန်းမြက်ခင်းတုကွင်း၊ သီဟဒီပကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✤